စိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

# ဖွဲ့မော်ကွန်း

အကျဉ်းအကျပ် အခက်အခဲများကြားမှ
ခေါင်းဆောင်စိတ်နှင့် လူသားအားမာန်

## THE ENDURANCE

Caroline Alexander



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

တစ်ခါတစ်ခါတွင် မိမိက ဘယ်လောက်ပဲ
အမိနိုင်ငံကို ချစ်မြတ်နိုးသည်ဖြစ်စေ၊ အမိနိုင်ငံကို
ကမ္ဘာအလယ် ဝင့်ထည်အောင် ကြိုးစားအားထုတ်သည်ဖြစ်စေ၊
မိမိ၏အားထုတ်ကြိုးပမ်းမှုများကို အသိအမှတ်မပြု
မသိကျိုးကျွံအလုပ်ခံရသောအခါ ခံစားရပုံများ အပါအဝင်
တောင်ဝင်ရိုးစွန်းရေခဲကမ္ဘာထဲမှ သဘာဝအရိုင်းတောစွင်
ရှင်သန်လွတ်မြောက်ရေး ဖြစ်ရပ်မှန်တိုက်ပွဲ။

# မြတ်ငြိမ်း

# ဇွဲမော်ကွန်း

အကျဉ်းအကျပ်အခက်အခဲများကြားမှ
ခေါင်းဆောင်စိတ်နှင့် လူသားအားမာန်

**THE ENDURANCE**
**Caroline Alexander**

mn0008
2700.00 Ks

mgyoe.com

ငွဲမော်ကွန်း မြတ်ငြိမ်း
မျက်နှာဖုံးပန်းချီ - ပေသစ်တည်
စာမျက်နှာ ၂၈၃ မျက်နှာ၊ ၁၂ ·၈စင်တီ × ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၈ THE KEY PUBLISHING HOUSE ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဇွဲမောက်ကွန်း
# THE ENDURANCE

**Caroline Alexander**

## မြတ်ငြိမ်း
မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ



| | | |
|---|---|---|
| - | ဘာသာပြန်သူ၏ အမှာ | ၃ |
| ၁။ | သူရဲကောင်းများပေါ်ထွန်းသည့်ခေတ် | ၇ |
| ၂။ | တောင်အရပ် | ၄၀ |
| ၃။ | ခွဲခွာခြင်း | ၇၇ |
| ၄။ | စောင့်ဆိုင်းစခန်း | ၁၂၀ |
| ၅။ | လှေတွေထဲဆင်းကြပြီ | ၁၅၃ |
| ၆။ | ဂိုမ်းကဲဒ်၏ ခရီးရှည် | ၁၈၈ |
| ၇။ | တောင်ကျော်ဂိုယာကျွန်း | ၂၁၂ |
| ၈။ | ဆင်ကျွန်းပေါ်မှာ | ၂၄၈ |
| ၉။ | ကျုပ်ရဲ့ ရဲဘော်ရဲဘက်များသို့ | ၂၇၀ |




mgyoe.com

mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



တောင်ဝင်ရိုးစွန်း စူးစမ်းရှာဖွေလေ့လာရေး အဖွဲ့ခေါင်းဆောင်
ဆာအားနက်ရှက်ကယ်လ်တန်။

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏အမှာ

သည်တစ်ကြိမ် ကျွန်တော့်ဘာသာပြန်စာအုပ်သည် အကြောင်းအရာဖြင့် နည်းနည်းထူးခြားသည်ဆိုရပါမည်။ မူရင်းစာအုပ်အမည်မှာ The Endurance ဖြစ်ပြီး ရေးသားပြုစုသူမှာ အမေရိကန်စာရေးဆရာမ Caroline Alexander ဖြစ်၏။

ဤစာအုပ်၏ အဓိကအကြောင်းအရာမှာ တောင်ဝင်ရိုးစွန်းသို့ စူးစမ်းလေ့လာရေးခရီးထွက်ရင်း ရေခဲကမ္ဘာထဲတွင် ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြင့် ပိတ်မိနေသည့်အကြောင်း၊ လေ့လာရေးအဖွဲ့သားတွေ အသက်မသေဘဲ ရှင်ကျန်လွတ်မြောက်ရေးအတွက် အရိုင်းသက်သက် သဘာဝတရားကြီးကို အန်တုဖက်ပြိုင် အနိုင်တိုက်ရပုံများကို မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။

စင်စစ် ဤစာအုပ်သည် ကျွန်တော်ဘာသာပြန်နေကျ စာအုပ်မျိုး မဟုတ်။ သို့သော် ကျွန်တော် ဘာသာပြန်နေကျစာအုပ်များနှင့် တူညီနေသည့် အချက်နှစ်ချက် ဤစာအုပ်တွင် တွေ့ရပါမည်။

mgyoe.com

mgyoe.com


ပထမတစ်ချက်မှာ လူသားများ၏ အားမာန်ဖြင့် အရိုင်းသဘာဝကို အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ကို ဖော်ကျူးထားခြင်း။

ဒုတိယတစ်ချက်မှာ အကျဉ်းအကျပ် အခက်အခဲများ ကြုံရသည့်အခါ ခေါင်းဆောင်ဖြစ်သူ၏ စိတ်ရင်းစေတနာနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်လိမ္မာဖို့ အရေးကြီးပုံကို သိသာမြင်သာစေခြင်း။

၎င်းနှစ်ချက်အပြင် ဤစာအုပ်ပါ ဖြစ်ရပ်များ ဖြစ်စဉ်များကိုဖတ်ရင်း လူ့သဘာဝများ၊ နိုင်ငံရေးလှည့်ကွက်များကိုလည်း တွေ့မြင်လာရမည် ဖြစ်၏။

တစ်ခါတစ်ခါကျတော့ မိမိက ဘယ်လောက်ပဲ အမိနိုင်ငံကို ချစ်မြတ်နိုးသည်ဖြစ်စေ၊ အမိနိုင်ငံကို ကမ္ဘာ့အလယ်ဝင့်ထည်အောင် ကြိုးစားအားထုတ်သည်ဖြစ်စေ၊ မိမိ၏ အားထုတ်ကြိုးပမ်းမှုများကို အသိအမှတ်မပြု မသိကျိုးကျွန်အလုပ်ခံရသောအခါ နာကြည်းခံခက် ရင်ကွဲပက်လက် ဖြစ်ရတတ်ပုံများကိုလည်း စာဖတ်သူများ တွေ့ရပါလိမ့်မည်။


ဤစာအုပ်ရေးဖြစ်အောင် အကူအညီပေးခဲ့သော ကိုဖိုးဇော် (ဂန္ထဝင်လွင်ပြင် စာပေအနုပညာရသ)၊ ကိုသိန်းဇော် (သဟဇာတစာပေ) နှင့် ကိုစိုင်းစိုင်း (The Key) စာပေတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာဖတ်သူများအား လေးစားလျက်
မြတ်ငြိမ်း
(၅-၂-၂၀၀၈)

❐

mgyoe.com

mgyoe.com



တောင်ဝင်ရိုးစွန်း စူးစမ်းရှာဖွေလေ့လာရေး အဖွဲ့ခေါင်းဆောင်
ဆာအားနက်ရှက်ကယ်လ်တန်။

mgyoe.com

mgyoe.com



ငွဲသဘော် အဖွဲ့သားများ။



ငွဲသဘော်ဦးပိုင်းတွင် စုပေါင်းလှုပ်ရှားနေကြစဉ်။ ၁၉၁၄၊ ဒီဇင်ဘာလ ၉ ရက်။

mgyoe.com

mgyoe.com

# သူရဲကောင်းများပေါ်ထွန်းသည့်ခေတ်

သဘော်ာကပ္ပတိန် ဖရင့်ဝါစလေကတော့ ထိုနေ့အကြောင်းကို သူ့တစ်သက်လုံး ပြက်ပြက်ထင်ထင် အမှတ်ရနေမိမည်ဖြစ်၏။ သူရောက်နေသည့် နေရာဒေသမှာ တောင်ဝင်ရိုးစွန်း၊ အန္တာတိကတိုက်။ အချိန်ကာလမှာ ဆောင်းလယ်၊ ဇူလိုင်လ။ တာရှည်လွန်းသောညများ၏ အမှောင်ထုက သူတို့အပေါ် မင်းမူနေခဲ့သည်မှာ သီတင်းပတ်ပေါင်းများစွာကြာခဲ့ပြီ။ အပူချိန်က ၃၀ ဖာရင်ဟိုက်။ သဘော်ာပတ်ပတ်လည် ဘယ်ဘက်ပဲကြည့်လိုက်ကြည့်လိုက် မာကျောတောက်ပသော ကြယ်စင်များအောက်တွင် တစ်မျှော်တစ်ခေါ် မြင်တွေ့နေရသည်မှာ ဖွေးဖွေးလှုပ်နေသော အသိရခက်သော ရေခဲပြင်ကြီး။

မကြာမကြာ စူးစူးရှရှ အော်မြည်တိုက်ခတ်လာသော အပလေက ပြောနေသည့် စကားသံအားလုံးကို ဝါးမျိုသွားတတ်၏။ ဟိုးအဝေးဆီမှာတော့ တညည်းညည်း တညူညူလုပ်နေသည့် ရေခဲတွေ။ ဝါစလေနှင့် အပေါင်းအပါနှစ်ယောက်က သူတို့ကို တင်ဆောင်ပြီး ရေခဲပြင်ကြီးထဲ

mgyoe.com

mgyoe.com

တိုးဝင်နေသည့် သင်္ဘောကလေး၏ အတိတ်ဆိုးနိမိတ်ဆိုး အသံနက်ကြီးကို နားစွင့်နေကြ၏။ တစ်ခါတစ်ခါတွင် တန်သန်းပေါင်းများစွာ အချိန်စီးသည့် ရေခဲများ၏ ဖိအားကို ကြိတ်မှိတ်တင်းခံနေရသော သင်္ဘောကိုယ်ထည်သစ်သားများသည် တဆတ်ဆတ်ခါနေ၏။ တကျွိကျွိမြည်နေ၏။

"ဒီကောင်လေး ဇီဝိန်ကြွေခါနီးနေပြီဗျ" ဟု သင်္ဘောပေါ်ရှိ လူသုံးယောက်ထဲမှ တစ်ယောက်ကပြောသည်။ "ဒီရေခဲပြင်ကြီးထဲမှာ ဒီသင်္ဘောလေး သက်ဆိုးရှည်ဖို့မလွယ်တော့ဘူး ကပ္ပတိန်ရေ့။ နေ့သေမလား၊ ညသေမလားပဲ။ ဒီတော့ ဘာလုပ်ကြမလဲဆိုတာ ခင်ဗျားဆုံးဖြတ်ထားရင်ကောင်းမယ်။ ဒီကောင်လေး တောင့်ခံနိုင်လှ သုံးလေးလပေါ့။ သုံးလေးပတ်၊ ဒါမှမဟုတ် သုံးလေးရက်ကလေးပဲ ဖြစ်ချင်ဖြစ်သွားမယ်... တစ်ခုတော့ရှိတယ်ဗျ၊ ရေခဲဆိုတာမျိုးက သူ့ဆီရောက်လာတာတွေကို တာရှည်ခံအောင် ထိန်းထားတတ်တာမျိုးလေ"

ခုနှစ်သက္ကရာဇ်မှာ ၁၉၁၅။ အထက်ပါစကားကိုပြောသည့် ဆာအားနက် ရှက်ကယ်လ်တန်သည် ထိုခေတ် ထိုအခါတုန်းက အကျော်ကြားဆုံး ဝင်ရိုးစွန်းစူးစမ်းလေ့လာရေးသမားတွေထဲတွင် တစ်ဦး အပါအဝင်ဖြစ်သူ။ စကားပြောနေသည့် သုံးယောက်ထဲမှ တတိယတစ်ယောက်ကတော့ သူ့လက်ထောက် ဖရင့်ဝိုင်းလ်။ သူတို့၏ ဖွဲ့သင်္ဘောကလေးသည် အန္တာတိကတိုက်ရှိ ဝက်ဒဲလ်ပင်လယ်၏ အေးခဲနေသော ရေပြင်လယ်မှာ ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေပြီ။ သည်လေ့လာရေးခရီးကို ဦးဆောင်ခဲ့သူ ရှက်ကယ်လ်တန်ကား ရည်မှန်းချက်ကြီးမားလွန်းသူ။ သူက သူ့ခရီးစဉ် အောင်မြင်ရမည်ဟု သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချထားသည်။ သူက ဝန်ရိုးစွန်းလေ့လာရေးသမားတွေ မဆွတ်ခူးနိုင်သေးသည့် နောက်ဆုံးလက်ကျန်ဆုတစ်ဆုကို အပိုင်စီးဖို့ စိတ်ပိုင်းဖြတ်ထား

mgyoe.com

mgyoe.com

သူ။ ထိုဆုကား အန္တာတိကတိုက်ကို ခြေကျင်ဖြတ်လျှောက်ပြရန်။

တောင်ဂျော်ဂျီယာကျွန်းပေါ်ရှိ ဝေလငါးဖမ်းစခန်းများဆီမှ ဖွဲ့သင်္ဘောကလေး စတင်ခရီးထွက်ခဲ့သည်မှာ ၁၉၁၄ ခုနှစ်၊ ဒီဇင်ဘာလ ကတည်းက။ သည်နှစ်မှာမှ ရေခဲများအခြေအနေက မကြုံစဖူးထူးထူး ကဲကဲ ဆိုးဝါးလှသည်။ သည်ရေခဲတွေကို တိုက်ပွဲဆင်ပြီး ထွက်လာခဲ့ သည်မှာ ယခုဆို မိုင်ပေါင်း ၁၀၀၀ ကျော် ခရီးတွင်ပြီး အန္တာတိတ်စက်ဝိုင်း အဝင်ဝသို့ပင် ရောက်ခဲ့ပြီ။ မူလရည်မှန်းထားသည့် ဆိပ်ကမ်းသို့ရောက် ဖို့ မိုင်တစ်ရာလောက်အလိုတွင်မှ ရေခဲများအခြေအနေက ပိုဆိုးလာသည် မို့ ဖွဲ့မှာ မရပ်မဖြစ် ရပ်နေရတော့၏။ ခြောက်ရက်ဆက်တိုက် တိုက်ခတ် လာလိုက် ရပ်သွားလိုက်ဖြစ်နေသည့် အရှေ့မြောက်လေပြင်းမုန်တိုင်းက ရေခဲများကို သိပ်သည်းကျပ်ခဲကုန်စေသည်။ သည်တော့ ကျပ်ခဲလာ သည့် ရေခဲများ အလယ်တွင် ဖွဲ့ သည် မလူးသာမလွန့်သာ ပိတ်မိနေ တော့၏။ ရက်အနည်းငယ်အကြာတွင် အအေးချိန်သည် ၉° အထိ စိုက်ကျသွားသည်။ သည်တော့ ပင်လယ်ပြင်တွင် မျောနေသည့် ရေခဲ တုံးကြီးများကို ဆွဲစေ့ပြီး အင်္ဂတေကိုင်လိုက်သလို အကြားအလပ်မရှိ ဖြစ်သွားတော့၏။ ထိုအချိန်တွင် ရေခဲစိုင်တွေကြားထဲ ညပ်နေသည့် ဖွဲ့ကို မနားမနေ တအိအိ စီးနေသည့် ဝက်ဒဲလ်ပင်လယ်ကြီးက မြောက် ဘက်သို့ ခေါ်ဆောင်သွား၏။ ထိုအခါ ဆိုက်ကပ်ဖို့ ရည်ရွယ်ထားသည့် ဆိပ်ကမ်းနှင့် ဝေးသည်ထက်ဝေးသောနေရာသို့ စီးမျောပါသွားတော့၏။

မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ခရီး စတင်အကောင် အထည်ဖော်ချိန်တွင် ရှက်ကယ်လ်တန်သည် အမျိုးသားသူရဲကောင်း အဖြစ် ထင်ပေါ်ကျော်ကြားပြီးဖြစ်နေပြီ။ သူ့သမိုင်းကြောင်းတွင် ဝင်ရိုးစွန်း ခရီး နှစ်ခေါက်သွားခဲ့သည်။ ခရီးတစ်ခေါက်တွင် သူသည် တောင်ဝင်ရိုး စွန်းနှင့် မိုင် ၁၀၀ အကွာအထိရောက်ခဲ့၏။ ထိုခေတ်ထိုအခါတုန်းက

mgyoe.com

mgyoe.com


တောင်ဝင်ရိုးစွန်းသို့ အဝေးဆုံးခရီးပေါက်ခဲ့သူအဖြစ် မှတ်တမ်းတင်ခံရသူ။ သို့ဖြစ်သည့်တိုင် ၎င်းခရီးစဉ် နှစ်ခေါက်စလုံးတွင် တောင်ဝင်ရိုးစွန်းအထိ မရောက်ခဲ့။ ၁၉၁၄ ခုနှစ်၊ တောင်ဝင်ရိုးစွန်းသို့ ရှက်ကယ်လ်တန် စတင်ခရီးထွက်ချိန်တွင် တောင်ဝင်ရိုးစွန်းသို့ ဆိုက်ရောက်သည့်ဆုကို အခြား သူများက ဆွတ်ခူးထားပြီးဖြစ်၏။ သို့သော် သူက အလေးမမူဂရုမထား။ သူ့ဆုံးဖြတ်ချက်အတိုင်း ဝက်ဒဲလ်ပင်လယ်မှသည် ရော့စ်ပင်လယ်အထိ ဖြတ်ကူးခြင်းဖြင့် အန္တာတိကတိုက်ကို ဖြတ်ကျော်မည်။ ဤကား သူ၏ မဟာရည်မှန်းချက်ကြီးပါတည်း။

ဖွဲ့ ခရီးစဉ်ကား ရှိစုမဲ့စု အိတ်သွန်ဖာမှောက် ပုံအောထားရသည့် ခရီးစဉ်။ ရှက်ကယ်လ်တန်၏ တာဝန်များမှာ ရန်ပုံငွေများစုဆောင်းခြင်း အပါအဝင် လူရွေးခြင်းအဆုံး စုံတကာစေ့နေ၏။ ထိုအချိန်တွင် သူ့အသက် လေးဆယ်ရှိနေပြီ။ စူးစမ်းလေ့လာရေးသမားအဖြစ်လည်းကောင်း၊ စည်းရုံးလှုံ့ဆော်ရေးသမားအဖြစ် လည်းကောင်း၊ အတွေ့အကြုံကြွယ်ဝခဲ့သည့် ရှက်ကယ်လ်တန်သည် သူ၏ အတွေ့အကြုံများကို ပြန်လည်စုစည်းရသည်။ သူ့ခရီးစဉ်ဖြစ်မြောက်အောင်မြင်ရေးအတွက် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ရသည်။

သို့သော်... ရှက်ကယ်လ်တန် မသိသေးပါတကား။ သူ၏ အန္တာတိတ်ဖြတ်ကျော် မဟာခရီးစဉ်ကြီးသည် နောက်တစ်ကြိမ် မအောင် မမြင်ဖြစ်မည့် ခရီးစဉ်ကြီး ဖြစ်ပေဦးတော့မည်။ သို့ဖြစ်သော်ငြားလည်း ဤသို့ဖွဲ့ မအောင်မမြင်ဖြစ်ခဲ့သောကြောင့်ပင် ဤခရီးစဉ်ကြီးကို မေ့မရနိုင်လောက်အောင် အမှတ်ရနေခြင်းလည်း ဖြစ်နိုင်ပါသည်။

တောင်ဝင်ရိုးစွန်း စူးစမ်းရှာဖွေရေးသမားများသည် သူတို့၏ စွန့်စားခန်းများကို နှစ်ဆယ်ရာစုနှစ် အစောပိုင်းက စတင်ခဲ့ကြ၏။ သူတို့၏ စူးစမ်းရှာဖွေရေးခရီးစဉ်များသည် မြေပေါ်စူးစမ်းရှာဖွေရေး ခရီးစဉ်များနှင့်

mgyoe.com

m o m.

မတူ။ တောင်ဝင်ရိုးစွန်းဒေသများတွင် အန္တရာယ်ကြီးသော သားရိုင်းတိရစ္ဆာန်များမရှိ။ ထို့အတူ ရက်စက်ကြမ်းကြုတ်သည့် လူရိုင်း မျိုးနွယ်စုများလည်း မရှိ။

သို့သော် သည်နေရာသည်ဒေသတွင် လေတိုက်နှုန်းသည် တစ်နာရီ မိုင် ၂၀၀ ခန့်အထိရှိသည်။ အအေးပမာဏကတော့ ၁၀၀ ဖာရင်ဟိုက်အထိရှိသည်။ သည်နေရာသည်ဒေသတွင် သူနိုင်ငါနိုင် အပြိုင်နွှဲရသည်မှာ လူသားများနှင့် အထိန်းအကွပ်မဲ့ အရိုင်းသက်သက် သဘာဝတရားကြီးသာဖြစ်၏။ ပြိုင်ပွဲတွေ၊ တိုက်ပွဲတွေက ရှင်းသည်။ သန့်သည်။ ပရိယာယ်တွေ လှည့်ဖြားမှုတွေမရှိ။ ရှုပ်ရှုပ်ထွေးထွေးမရှိ။ နောက်ထပ်နွှဲရသည့်တိုက်ပွဲတစ်မျိုးမှာ လူတွေနှင့် သူတို့၏ ဖွဲ့သတ္တိအတိုင်းအတာဖြစ်၏။ အရိုင်းသက်သက် သဘာဝတရားနှင့် ယှဉ်ပြိုင်အနိုင်တိုက်ရာ၌ဘယ်အတိုင်းအတာအထိ ခံနိုင်ရည်ရှိသလဲ။ ဘယ်အတိုင်းအတာအထိစိတ်ဓာတ်ခိုင်မာသလဲ။ အန္တာတိတ်ဒေသ၏ ထူးခြားချက်မှာ စူးစမ်းရှာဖွေရေးသမားများက အမှန်တကယ်ရှာဖွေတွေ့ရှိခဲ့သောကြောင့် အန္တာတိတ်ဒေသရယ်လို့ နာမည်တစ်လုံးရလာခြင်းဖြစ်၏။ သည်နယ်မြေတွင် ဒေသခံတိုင်းရင်းသားများ နဂိုကတည်းကမရှိ။ သည်တိုက်၊ သည်နယ်မြေပေါ်တွင် လူသားမျိုးနွယ်ထဲက ခြေချဖူးဖို့ဝေးလို့ သည်ဒေသပေါ်သို့ လူ့အရိပ်ပင် မထိုးခဲ့စဖူး။

၁၉၁၄ ခုနှစ်တွင်စတင်ပြီး ၁၉၁၇ ခုနှစ်တွင်မှ ပြီးဆုံးခဲ့သည့် ပထမကမ္ဘာစစ်ကြီး၏ ကြားကာလတစ်လျှောက်တွင် လှုပ်ရှားခဲ့သည့် ဖွဲ့ ခရီးစဉ်သည် ဝင်ရိုးစွန်းစူးစမ်းရှာဖွေသောခေတ်၊ သို့မဟုတ် သူရဲကောင်းများ ပေါ်ထွန်းသည့် ခေတ်၏ နောက်ဆုံးခရီးစဉ်ဖြစ်ကြောင်း မကြာမကြာ ပြောလေ့ရှိကြ၏။ အန္တာတိတ်ဖြတ်ကျော်ရေး ခရီးစဉ်တစ်လျှောက်တွင် ရက်ကယ်လ်တန်သည် သူ၏ ရည်မှန်းချက်နှင့် စွမ်းရည်ကို

mgyoe.com

mgyoe.com


ထူးခြားထင်ရှားစွာ ပြနိုင်ခဲ့၏။ ဖွဲ့ ခရီးစဉ်တွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲ အကျပ်အတည်းများနှင့် ဆင်းရဲဒုက္ခများကို ရင်ဆိုင်ရာ၌ ယခင်ဝင်ရိုးစွန်းခရီးစဉ် ခေါင်းဆောင်များထက် ရှက်ကယ်လ်တန်က-ကြံ့ကြံ့ခံနိုင်သည်။ ဖွဲ့သတ္တိရှိသည်ဟု ချီးကျူးခံခဲ့ရသည်။ အခက်အခဲများကို ရဲဝံ့ပြောင်မြောက်စွာ ကျော်ဖြတ်ရာတွင်လည်းကောင်း၊ အတ္တမာနကြီးရာတွင်လည်းကောင်း ရှက်ကယ်လ်တန်သည် သူမတူအောင် အလံထူခဲ့သူပါတည်း။

သူရသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းများ ပေါ်ထွန်းသည့် ခေတ်သည် ၁၉၀၁ ခုနှစ်တွင် စတင်ခဲ့၏။ ထိုနှစ်ဩဂုတ်လတွင် ဒစ်စ်ကာဗရီ (Discovery) သင်္ဘောသည် အန္တာတိတ်ရှိ မက်မာဒိုရေလက်ကြားသို့ သွားမည့်ခရီးစဉ် စတင်ခဲ့သည်။ ထိုစဉ်က ဒစ်စ်ကာဗရီခရီးစဉ်ကို ဦးဆောင်ခဲ့သူမှာ ကပ္ပတိန် ရောဘတ်ဖယ်လ်ကွန်စကော့ (Captain Robert Falcon Scott) ဆိုသူဖြစ်၏။ သူတို့၏ ခရီးစဉ်သည် သိပ္ပံပညာတိုးတက်ထွန်းကားရေးအတွက်ဟု အများပြည်သူများကြားတွင် ပြောကြဆိုကြသော်လည်း ရည်ရွယ်ချက်အစစ်အမှန်မှာ လူသူအရောက်အပေါက် မရှိသေးသည့် ထိုနယ်မြေထိုဒေသတွင် ဦးစွာ ခြေချနိုင်ရေးဖြစ်၏။ တစ်နည်းဆိုရသော် ထိုနယ်မြေထိုဒေသတွင် ဗြိတိသျှအလံတော်ကို ဦးစွာစိုက်ထူပြီး ဗြိတိန်အတွက် နယ်မြေပိုင်စိုးရေးဖြစ်လေသည်။

ဝင်ရိုးစွန်း နယ်မြေပိုင်စိုးရေးခရီးစဉ်တွင် သူနှင့်အတူလိုက်ဖို့ စကော့က အဖော်နှစ်ယောက် ရွေးခဲ့၏။ တစ်ယောက်က ဒေါက်တာ အက်ဒဝပ် ဝီလ်ဆင် (Dr. Edward Wilson) ဒေါက်တာဝီလ်ဆင်က ဆရာဝန်နှင့် သတ္တဗေဒပညာရှင်။ စကော့နှင့်ရင်းနှီးသည့် မိတ်ဆွေလည်းဖြစ်၏။ နောက်တစ်ယောက်ကတော့ လက်ဖတင်နင် အားနက် ရှက်ကယ်လ်တန် (Lieutenant Ernest Shackleton) သူက အသက်

mgyoe.com

m.gyone.com

နှစ်ဆယ့်ရှစ်နှစ်ရှိပြီး ကုန်သွယ်ရေကြောင်းအရာရှိတစ်ဦးဖြစ်၏။ တာဝန်ထမ်းဆောင်ရင်း အာဖရိကနှင့် ကမ္ဘာ့အရှေ့ခြမ်းသို့ ရောက်ဖူးသူလည်းဖြစ်၏။

နိုဝင်ဘာ ၂ ရက်နေ့တွင် သူတို့သုံးဦး ခရီးစဉ် စခဲ့၏။ သူတို့နှင့်အတူပါလာသည်မှာ စွတ်ဖားဆွဲခွေး တစ်ဆယ့်ကိုးကောင်နှင့် ဝန်ပြည့်တင်ဆောင်ထားသည့် စွတ်ဖားငါးစီးဖြစ်၏။ လူသူအရောက်အပေါက်မရှိခဲ့သည့်အတွက် သည်နယ်မြေအကြောင်း လုံးဝသိမထားခဲ့။ သူတို့တွေ့ကြုံရင်ဆိုင်ရသည်မှာ ပြောမပြနိုင်လောက်အောင် ထိတ်လန့်ကြောက်ရွံ့စရာကောင်းသည့် စိန်ခေါ်ချက်များ။ ခက်ခဲပင်ပန်းစွာ စွတ်ဖားစီးသွားရသည့် ခရီးစဉ်တစ်ပတ်သည် မိုင်ပေါင်း ၁၆၀၀ ကျော်ရှည်လျား၏ ။

သူတို့သုံးဦးသည် နေ့ဘက်တွင် ဝန်တင်စွတ်ဖားများဆွဲကြ၏။ ကိုယ်တိုင်ဆွဲသည်လည်းရှိ၏။ ခွေးများကို ဆွဲခိုင်းသည်လည်း ရှိ၏။ အချိန်ကုန်သည်။ လူပန်းသည်။ သို့သော် ခရီးကမတွင်။ ညဘက်ကျတော့ ဝေပုံကျအစားအစာကို သုံးယောက်စာ အညီအမျှ ခွဲဝေစားသည်။ ပြီးတော့ တစ်ဦးကိုတစ်ဦး ဒါဝင် (Darwin)၏ စာအုပ်တွေ ဖတ်ပြကြသည်။ ပြီးမှ အေးခဲနေသည့် အိပ်ရာထဲ ကိုယ်စီဝင်အိပ်ကြသည်။ ခရီးလမ်းတစ်လျှောက်တွင် သူတို့ အစာငတ်ရေငတ်ဖြစ်ကြသည်။ သွေးအားနည်းရောဂါ ဖြစ်ကြသည်။ ခွေးများ အားပြတ်ပြီး လဲသေသည်။ သေသည့် ခွေးများကို ခုတ်ထစ်ပိုင်းဖြတ်ပြီး မသေသေးသည့် အခြားခွေးများအား အစာအဖြစ် ကျွေးရသည်။

စကော့က သူအဖွဲ့ကို မြောက်ဝင်ရိုးစွန်းနှင့် ၇၄၅ မိုင်ကွာအထိ ခရီးပေါက်အောင် အတင်းတွန်းသည်။ နောက်ဆုံးတွင်မှ သူတို့၏ ကူကယ်ရာမဲ့အခြေအနေကို အသိအမှတ်ပြုလက်ခံသည်။ သည်တော့မှ

mgyoe.com

သူတို့အဖွဲ့ နောက်ကြောင်းပြန်လှည့်ဖို့ကို စိတ်မပါလက်မပါဖြင့် အမိန့်ပေးသည်။ စကော့ ထိုသို့ဆုံးဖြတ်ချက်ချချိန်တွင် ရှက်ကယ်လ်တန်သည် သွေးအန်နေပြီ။ ဗီတာမင်ချို့တဲ့မှုကြောင့်ဖြစ်သော သွေးအန်ရောဂါ။ တစ်ခါတစ်ခါ သူ့ကို စွတ်ဖားပေါ်တင်ပြီး ဆွဲရသည်။

သူတို့၏ ခြေကျင်ခရီးစတင်ပြီး သုံးလအကြာ ၁၉၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သူတို့ သင်္ဘောသို့ ပြန်ရောက်ကြသည်။ ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းလှသည့် နောက်ဆုံးခရီးတစ်ထောက်ကား သူတို့အသက်လုပြီး အသော့နှင်ရသည့် ခရီးတစ်ထောက် ဖြစ်တော့၏။

ပထမဦးဆုံးသော အန္တာတိတ်ခြေကျင်ခရီးစဉ်တွင် ရင်ဆိုင်ရသော ဆင်းရဲဒုက္ခအပေါင်းအား မည်သို့ သူရသတ္တိပြောင်မြောက်စွာ ရင်ဆိုင်ခဲ့ရသလဲဆိုသည့် အတွေ့အကြုံများက နှောင်းလူတို့၏ စူးစမ်းရှာဖွေရေးအဖွဲ့များအား ထူးခြားသောသွင်ပြင်လက္ခဏာများကို ဆောင်စေ၏။ သို့ဖြစ်သော်လည်း သူတို့နှင့်နှင့်နဲနဲ ခံစားခဲ့ရသည့် ဆင်းရဲဒုက္ခများသည် မလိုအပ်ဘဲ ခံစားခဲ့ရခြင်းဖြစ်ကြောင်း စူးစမ်းရှာဖွေရေးသမားများ၏ နေ့စဉ် မှတ်တမ်းများက ဖော်ပြနေ၏။

ခရီးစဉ်စပြီး သုံးပတ်မျှမပြည့်သေးမီမှာပင် "ခွေးတွေ အရမ်းပင်ပန်းနွမ်းနယ်ပြီး အရမ်းလေးကွေးနေပြီ..."

"ဒီနေ့တော့ ခွေးတွေက ဒုက္ခပေးနေပြီ။ သူတို့ကို မောင်းရတာ တော်တော်စိတ်ကုန်စရာကောင်းတဲ့ အလုပ်ပဲ"

"ခွေးတွေအရမ်းပင်ပန်းပြီး ပျော့ခွေနေပြီ။ ဒီကောင်တွေကို ဖွတ်မောင်းနေရတာ သိပ်စက်ဆုပ်စရာ ကောင်းပြီး လူမဆန်တဲ့ အလုပ်ကြီးပဲ..."

စသည်ဖြင့် ဝီလ်ဆင်က သူ့နေ့စဉ်မှတ်တမ်းထဲတွင် တစ်နေ့ပြီး

mgyoe.com

mgyoe.com

တစ်နေ့ ရေးမှတ်ခဲ့သည်ကို တွေ့ရ၏။

အဖွဲ့ခေါင်းဆောင် စကော့ကိုယ်တိုင်၏ နေ့စဉ်မှတ်တမ်းထဲတွင် အထိတ်တလန့်ဖြစ်စရာ အခက်အခဲတွေအကြောင်း ပိုတွေ့ရ၏။

"ခြုံငုံပြီးပြောရရင် ငါတို့ရဲ့ နှင်းလျှောစီးပျဉ်ချပ်တွေဟာ ခုချိန်ထိတော့ သိပ်အသုံးမတည့်ပါဘူး... ငါတို့ရဲ့ ခရီးစဉ်ကို နှောင့်နှေးနေစေတဲ့ ခွေးတွေက စွတ်ဖားတွေရဲ့ နောက်က တကောက်ကောက်လိုက်လို့..."

"ဒီခွေးတွေကို ကြိုးဖြေပေးပြီး စွတ်ဖားတွေကို ဖြည်းဖြည်းမှန်မှန် ဆွဲကြတာ ခုနစ်နာရီအကြာမှာ ဆယ်မိုင်တောင် ခရီးပေါက်တယ်ဗျာ။ ခွေးတွေကတော့ စွတ်ဖားတွေနံဘေးကနေ အေးအေးလူလူ လမ်းလျှောက်လို့ပေါ့"

ဤကား တော်တော်ကြည့်မကောင်း ရှုမကောင်းနှင့် မဖြစ်သင့်မဖြစ်ထိုက်သော မြင်ကွင်းပါတည်း။ အန္တာတိတ်တိုက်ပေါ်တွင် လမ်းလျှောက်နေသည့် လူသုံးယောက်။ သူတို့လျှောက်သည့်နှုန်းက တစ်နာရီတစ်မိုင်ခန့်။ သူတို့၏ နှင်းလျှောစီးပျဉ်ချပ်များကို သူတို့ကိုယ်တိုင်ဆွဲလာသည့် စွတ်ဖားများတွင် ကပ်ပြီးချည်နှောင်လျက်။ သူတို့နံဘေးမှ လေးလေးမှန်မှန်လျှောက်လိုက်လာသည်မှာ ခွေးတစ်အုပ်။ စကော့နှင့် သူ့အပေါင်းအပါများသည် နှင်းလျှောစီးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် အချိန်ယူလေ့ကျင့်ခြင်း မပြုခဲ့ကြ။ ထိုနည်းတူစွာပင် စွတ်ဖားဆွဲသည့် ခွေးများ မောင်းနှင်ခြင်းနှင့် ပတ်သက်၍ ဗဟုသုတမျှ မရှိခဲ့ကြ။ သူတို့သည် ပြောမကုန်နိုင်လောက်အောင် ဒုက္ခတွေတနင့်တပိုးကြီး တွေ့ကြုံခံစားခဲ့ရသည်မှန်၏။ သို့သော် ၎င်းဒုက္ခများသည် မလွဲမသွေတွေ့ကြုံမည့် ဒုက္ခများမဟုတ်။ ရှောင်လွှဲမရသည့် ဒုက္ခများမဟုတ်။ နောက်ပြီး အဖွဲ့သားများ အစာရေစာ ငတ်ပြတ်ခဲ့ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေး

mgyoe.com

mgyoe.com

ဆိုးများ ကြုံရသောကြောင့်မဟုတ်။ အစားအစာများကို ဖူဖူလုံလုံ ခွဲဝေမပေးသောကြောင့်သာဖြစ်၏။ အဖွဲ့သားအားလုံးထဲတွင် လူကောင်အကြီးဆုံးဖြစ်သည့် ရှက်ကယ်လ်တန်မှာ အခံရဆုံး။ သူက အခြားသူများထက်ပိုပြီး လောင်စာဆီလိုအပ်သည် မဟုတ်လား။

သည်တော့ သူတို့ တခြိမ်းခြိမ်း ရန်ဖြစ်ကြသည်။ ရှက်ကယ်လ်တန်ဆိုလျှင် စကော့နှင့် တစ်စက်ကလေးမျှ အစေးမကပ်။ အပေါက်အလမ်းမတည့်။ ရေတပ်ထွက်ဖြစ်သည့် စကော့ကလည်း ပုံသေကားကျသမား။ လက်အောက်ငယ်သားများအပေါ် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်သည်။ တင်းတင်းကျပ်ကျပ် အုပ်ချုပ်သည်။ တောင်ဝင်ရိုးစွန်း၊ အန္တာတိတ်ဒေသ၏ အလယ်တည့်တည့်သို့ ရောက်နေသည့် ဒစ်စ်ကာဗရီ သင်္ဘောပေါ်မှာပင် အမိန့်မလိုက်နာမှုဖြင့် လူတစ်ယောက်ကို သံခြေချင်းခတ်ပြီး ချုပ်နှောင်ထားခဲ့၏။

တစ်ဖက်တွင် ကုန်သွယ်ရေကြောင်းအရာရှိအဖြစ် အမှုထမ်းခဲ့သည့် ရှက်ကယ်လ်တန်ကတော့ ခင်မင်နှစ်လိုဖွယ်ကောင်းသည်။ လူကြီးလူငယ်မရွေး၊ ရာထူးကြီးရာထူးငယ်မရွေး ဝင်ဆံ့အောင် ပေါင်းသင်းတတ်သည်။ စကော့ကသူ့အားအဖွဲ့သားအဖြစ် ရွေးချယ်ခဲ့ခြင်းမှာ သူ၏ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းမှုကြောင့် ဖြစ်၏။ ကုန်နိုင်ခဲလှသည့် နေ့တွေ ညတွေ။ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ဖွေးဖွေးလှုပ်ရေခဲပြင်ကြီးတွေ ဘယ်အချိန်နားစွင့်လိုက် နားစွင့်လိုက်၊ တုတ်တုတ်မျှ မလှုပ်သော တိတ်ဆိတ်မှုကြီး၊ အကြားအလပ် မရှိ ပျင်းရိငြီးငွေ့ဖွယ် အချိန်ကာလများ။ နေ့စဉ်ရက်ဆက် ကြုံတွေ့နေရသည့် ဆင်းရဲဒုက္ခများ။ နောက်ပြီး မလှည့်သာ မပြောင်းသာ ကျဉ်းကျဉ်းကျပ်ကျပ် နေရာထိုင်ခင်းများ။ သည်အချက်များက အဖွဲ့သားများ၏ စိတ်ဓာတ်များကို တစ်စစီဖွဲ့ခြွေပစ်သလို ဖြစ်စေ၏။

mgyoe.com

ထိုသို့သော အခြေအနေထဲတွင် ဝီလ်ဆင်သည် ရွှေပြည်အေး တရားဟောပြီး ဓာစပ်ဖျန်ဖြေသူအဖြစ် မဖြစ်မနေ ဆောင်ရွက်နေရပုံရ၏။ တစ်နေ့တွင် နံနက်စောစာစားပြီးချိန်၌ စကော့က သူ့လူနှစ်ဦးကို ဆင့်ခေါ်၏ ။

"လာကြစမ်း၊ သောက်သုံးမကျတဲ့ သောက်ရူးတွေ" ဟု စကော့က ကြိမ်းမောင်းသည်။ သည်တော့ စကော့၏ လက်ထောက်ဖြစ်သူ ဝီလ်ဆင်က ပြန်မေးသည်။ "သူ့ကို ဆဲရေးတိုင်းထွာနေတာလား"ဟု စကော့က မဟုတ်ကြောင်း ပြန်ပြောသည်။ သည်တော့ ရှက်ကယ်လ် တန်က "ဒါဆို ကျုပ်ကို ဆဲတာပဲ ဖြစ်ရမှာပေါ့" ဟု ပြောသည်။

"ဟုတ်တယ်၊ ဒီအုပ်စုထဲမှာ မင်းဟာ သောက်သုံးမကျဆုံး သောက်ရူးပဲ။ အေး... မင်းကြပ်ကြပ်သာသတိထားနေ၊ မင်းငါ့ကို အဲဒီ သောက်ချိုးနဲ့ ပြန်ပြောတဲ့အကြိမ်တိုင်းအတွက် မင်း ပြန်ပြီးခံရစေမယ်"

ဤကား လက်တွေ့ဘဝနှင့်ကင်းကွာသော ရန်ပွဲကလေး။ ပြဇာတ် ဆန်သော ဇာတ်ကွက်ကလေး။ ဤဖြစ်ရပ်ကလေးအကြောင်းကို နောင် နှစ်ပေါင်းများစွာကြာပြီး ဝီလ်ဆင်က ပြန်ပြောပြမှ သိခွင့်ရကြသည်။ ကမ္ဘာမြေကြီး၏ အစွန်အဖျား နှင်းတွေ ဖွေးဖွေးလှုပ်နေသည့် တောင်ဝင် ရိုးစွန်းတွင် လူသုံးယောက် တစ်ယောက်ကိုတစ်ယောက် မာန်ဖီနေသည့် မြင်ကွင်းကလေး... ဘယ်လောက် ပြဇာတ်ဆန်လိုက်ပါသလဲ။

ဒစ်စ်ကာဗရီ သင်္ဘောသို့ ပြန်အရောက်တွင် စကော့က ရှက် ကယ်လ်တန်အား နာမကျန်းခွင့်ပေးပြီး အိမ်ပြန်လွှတ်လိုက်တော့၏။ အင်္ဂလန်သို့ အခြားအဖွဲ့သားများထက် စောစီးစွာ ပြန်လာရသည့် အတွက် အရှက်ရနေသော်လည်း အမိမြေကသူ့အား သူရဲကောင်းတစ်ဦး အဖြစ် ဝိုင်းဝန်းကြိုဆိုဂုဏ်ပြုခဲ့ကြ၏။ ရှေးယခင်လူများ ဘယ်သူမျှ ခြေမချဖူးသေးသည့် တောင်ဝင်ရိုးစွန်းဒေသသို့ စူးစူးရဲရဲရောက်ခဲ့သူ

mgyoe.com

mgyoe.com


လူသားတစ်ဦးအဖြစ် ဝှဲချီးဂုဏ်ပြုကြိုဆိုခြင်း။ နောက်ပြီး ယခုချိန်ထိ လက်လှမ်းမီသည့် စူးစမ်းရှာဖွေရေးအဖွဲ့ဝင်ဆိုလို့ သူတစ်ဦးတည်းသာ ရှိသေးရာ လူတွေက သူ့ကိုပိုပြီး အာရုံစိုက်ကြသည်။ ယခုလိုအနေအထား မျိုးမှာပင် သူ့ကို သည်လောက် အလေးထားအသိအမှတ်ပြုနေသည် ဆိုလျှင် တစ်နေ့နေ့ တစ်ချိန်ချိန် သူကိုယ်တိုင် ဦးဆောင်ပြီး ရှာဖွေရေး အဖွဲ့ တစ်ဖွဲ့ဖွဲ့ရလျှင် ပိုပြီး လူအများစိတ်ဝင်စားမည်ဖြစ်ကြောင်း တွက်မိ သည်။ တစ်ချိန်တည်းတွင် သူ့အနေဖြင့် အခြားလူတစ်ဦးတစ်ယောက် ခေါင်းဆောင်မှု၏ လက်အောက်ငယ်သားအဖြစ် မခံယူတော့ဟုလည်း သန္နိဋ္ဌာန်ခိုင်ခိုင်ချလိုက်၏။

ဆရာဝန်တစ်ဦး၏ သားဖြစ်သော ရှက်ကယ်လ်တန်သည် ချောင် ချောင်လည်လည်နေထိုင်နိုင်သည့် လူလတ်တန်းစား မိသားစုဝင်တစ်ဦး ဖြစ်သည်။ အိုင်ယာလန်ပြည်။ ကီလ်ဒဲစီရင်စုတွင် မွေးဖွားခဲ့ပြီး ကလေး ဘဝခဏတာပဲ ဒပ်ဗလင်မြို့တွင် နေထိုင်ခဲ့၏။ များမကြာမီအတွင်း သူ့မိဘများသည် အင်္ဂလန်သို့ အပြီးအပိုင် ပြောင်းရွှေ့ခဲ့၏။

သူက ညီအစ်ကိုနှစ်ယောက်တွင် အကြီးဖြစ်ပြီး သူ့ကို တုန်နေ အောင် ဝိုင်းချစ်သည့် ညီမ ရှစ်ယောက်လည်း ရှိ၏။ အသက်တစ်ဆယ့် ခြောက်နှစ်အရွယ် ဗြိတိသျှ ကုန်သွယ်ရေကြောင်းအဖွဲ့သို့မဝင်မီ ဒါးလ် ဝစ်ကောလိပ်တွင် ပညာသင်ခဲ့၏။ ကပ္ပတိန်စကော့ ဦးဆောင်သည့် နိုင်ငံတော် အန္တာတိတ်စူးစမ်းရှာဖွေရေး အဖွဲ့တွင် ပါဝင်မပူးပေါင်းမီက ရှက်ကယ်တန်သည် နာမည်ကြီး ကုန်သွယ်သင်္ဘောကုမ္ပဏီတစ်ခုတွင် တတိယဦးစီးအရာရှိအဖြစ် အမှုထမ်းနေခဲ့၏။ ရှက်ကယ်လ်တန်က ရုပ် ချောသည်။ ခံ့ညားသည်။ ခင်မင်နှစ်လိုဖွယ်ကောင်းသည်။ စိတ်ကူး ယဉ်ဆန်သော ရည်မှန်းချက်များရှိသည်။ တောင်ဝင်ရိုးစွန်း စူးစမ်းရှာဖွေ ရေး ခရီးစဉ်က သူ၏ ကဗျာဆန်ဆန်စိတ်ကူးယဉ်တတ်သော စရိုက်

mgyoe.com

mgyoe.com


သဘာဝနှင့် ကိုက်ညီနေသည်။ နောက်ပြီး သူ့ခေတ်သူ့ကာလတွင် လူ့တန်းစားကွာဟမှုက စကားပြောလွန်းသည်။ သည်တော့ သူ မွေးဖွားကြီးပြင်းခဲ့သည့် လူလတ်တန်းစားအဆင့်မှ နေ့ချင်းညချင်း ဖောက်ထွက်ပြီး အောင်မြင်ကျော်ကြားသူတစ်ဦးဖြစ်ရေး နည်းလမ်းတွေထဲတွင် သည်နည်းလမ်းက သူနှင့် အသင့်တော်ဆုံး ဖြစ်နေသည်။

ရှက်ကယ်လ်တန်သည် ၁၉၀၄ ခုနှစ်တွင် သူ့ချစ်သူ အင်မလီဒေါမန် (Emily Dorman) နှင့် လက်ထပ်ခဲ့၏။ ချမ်းသာကြွယ်ဝသောရှေ့နေတစ်ဦး၏ သမီးနှင့် အိမ်ထောင်ကျပြီဆိုတော့ သူ့အတွက် နာမည်တစ်လုံးထူထောင်ဖို့ ဟိုတုန်းကထက် ပိုမိုအရေးကြီးလာပြီ။ သို့ဖြင့် သူကစာနယ်ဇင်းလောကသို့ ဝင်ရောက်ဖို့ကြိုးစားသည်။ မအောင်မြင်။ စီးပွားရေးလုပ်သည်။ မအောင်မြင်။ နောက်ဆုံး နိုင်ငံရေးလောကသို့ဝင်ပြီးအကဲစမ်းသည်။ အဖြေက ထိုနည်းလည်းကောင်း၊ သည်တော့ သူ၏အဆုံးစွန်သော ရည်မှန်းချက်ဖြစ်သည့် တောင်ဝင်ရိုးစွန်းခရီးစဉ်ကိုပဲအကောင်အထည်ဖော်ရတော့မည်။ ၁၉၀၇ ခုနှစ်အစောပိုင်းတွင် ခရီးစဉ်အသစ်အတွက် မတည်ငွေ ကောက်ခံရရှိသည်။ ထိုနှစ်ဩဂုတ်လတွင်သူ့သင်္ဘော နင်းရော့ (Nimrod) သည် တောင်ဝင်ရိုးစွန်းခရီးစဉ်ကိုစတင်ခဲ့၏။

ရှက်ကယ်လ်တန်သည် ဒစ်စ်ကာဗရီသင်္ဘောပေါ်တွင် အတွေ့အကြုံတွေ အများကြီးရခဲ့၏။ သို့ပေမယ့် သူရသင့်ရထိုက်သည့် သင်ခန်းစာအားလုံးကို မရခဲ့ပါချေ။ နင်းရော့ သင်္ဘောသည် မန်ချူးရီးယန်းမြင်းဆယ်ကောင်နှင့် ခွေးဆယ်ကောင်ကိုသာတင်ဆောင်ပြီး ဆိပ်ကမ်းမှခွာခဲ့သည်။ သို့သော် ထိုခေတ်ထိုအခါတုန်းက ဝင်ရိုးစွန်းဒေသ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လက်တွေ့ကျကျ အသုံးတည့်သည်မှာ ခွေးတွေသာ ဖြစ်၏။ နောက်ပြီး ရေခဲလျှောစီးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင်

mgyoe.com

mgyoe.com


ဖြစ်အောင် သင်ယူခြင်းမပြုခဲ့။ ထိုပြင်သူသယ်ဆောင်လာသည့် တောင်တက်ကိရိယာများသည် ပြည့်စုံလုံလောက်မှုမရှိပါချေ။

အဆိုပါ အားနည်းချက်၊ ချို့ယွင်းချက်များကို အလေးမမူ ဂရုမထားဘဲ ၁၉၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရှက်ကယ်လ်တန်သည် တောင်ဝင်ရိုးစွန်းသို့ ဒုတိယအကြိမ် ထွက်ခွာခဲ့ပြန်သည်။ သည် တစ်ခေါက်တွင်မူ အဖွဲ့သားသုံးယောက်နှင့် မြင်းလေးကောင်ပဲ ပါသည်။ ယခုတစ်ကြိမ်တွင်လည်း စွတ်ဖားများကို လူကိုယ်တိုင် ဆွဲရသည့် ဆင်းရဲဒုက္ခကို ခံစားကြရပြန်သည်။ မြင်းတွေက ရေခဲပြင်ပေါ်တွင် ချော်လဲသည်။ ယက်ကန်ယက်ကန်ဖြစ်သည်။ မကြာမကြာဆိုသလို ရေခဲပြင်ထဲနစ်သွားသည်မှာ ဝမ်းဗိုက်အထိ နောက်ဆုံးကျတော့ သည်မြင်းများကို ပစ်သတ်ပြီး မြင်းသားအဖြစ် စားပစ်ကြသည်။

ရှက်ကယ်လ်တန်နှင့် အဖွဲ့ဝင်သုံးဦးဖြစ်သည့် ဖရင့်ဝိုင်းလ် (Frank Wild)၊ ဒေါက်တာအဲရစ်မာရှယ်လ် (Dr. Eric Marshall) နှင့် လက်ဖတင်နင် ဂျမေဆန်အဒမ် (Dieutenant Jamesam Adams) တို့သည် ဒီဇင်ဘာလအစောပိုင်းတွင် တောင်ဝင်ရိုးစွန်းနှင့် မိုင် ၁၀၀ အကွာသို့ ဆိုက်ရောက်ခဲ့ကြ၏။ ထိုအချိန်တွင် သူတို့၏ မြင်းတွေ တစ်ကောင်မျှမကျန်တော့။ သူတို့ကိုယ်တိုင်လည်း နှင်းရိုက်ပြီး အမြင်တွေ ကွယ်ကုန်ပြီ။ ပြီးတော့ ဆာလောင်မွတ်သိပ်မှုဒဏ်၊ နှင်းကိုက်နာများ ဖိစီးမှုဒဏ်ကို အလူးအလဲ ခံစားနေကြရပြီ။ အဖွဲ့သားအားလုံး အားအင်ကုန်ခန်းချည့်နဲ့နေရုံသာမက အစားအသောက်ကလည်း မဖြစ်စလောက်ပဲ ကျန်တော့သည်။ ရှက်ကယ်လ်တန်သည် ပကတိအရှိတရားကို အသိအမှတ်မပြုလို့မရတော့။ သူတို့ အသက်ရှင်ဖို့ အခွင့်အလမ်းကလေး ကျန်ရှိနေတုန်း လှည့်ပြန်ကြဖို့ ဆုံးဖြတ်ချက်ကို ရင်နာစွာ ချမှတ်ခဲ့ရသည်။

သူတို့၏ စခန်းသို့ ပြန်ရောက်ခါနီးလောက်တွင် အဒမ်က အကြီး

mgyoe.com

mgyoe.com

အကျယ်နာမကျန်းဖြစ်နေပြီ။ သည်တော့ ရှက်ကယ်လ်တန်နှင့် ဖရင့်ဝိုင်းလ်သည် သူတို့စွန့်ပစ်လို့ရသည့် အသုံးအဆောင်ပစ္စည်းအားလုံးကို စွန့်ပစ်ကြသည်။ ပြီးတော့ သူတို့၏ ရဲဘော် အသက်ရှင်ရေးအတွက် အခြေစိုက်စခန်းဆီသို့ ခရီးအသော့နှင်ကြသည်။ သူတို့သည် သုံးဆယ့်ခြောက်နာရီလုံးလုံး မနားမနေ ခရီးနှင်ခဲ့ကြသည်။ နောက်ဆုံး သူတို့အကြီးအကျယ်အားထားပြီး အမျှော်လင့်ကြီး မျှော်လင့်ခဲ့သည့် အခြေစိုက်စခန်းသို့ ရောက်ခဲ့ပါသည်။ သို့သော်သူတို့ စီးနင်းလာခဲ့သည့် နင်းရော့သင်္ဘောက မရှိတော့။ သူတို့ကို စွန့်ခွာပစ်ထားခဲ့ကြပြီ။ သည်တော့ ဘာလုပ်ကြမည်လဲ။ ခြေမသယ်နိုင် လက်မသယ်နိုင်လောက်အောင် အားပြတ်နေသည့် အဖွဲ့သားတွေ။ သည်အထဲတွင် တစ်ဦးက အသည်းအသန် နာမကျန်းဖြစ်နေသူ။ သူတို့ဝန်းကျင်မှာတော့ ရေခဲတစပြင်ကြီး။ သည်ရေခဲပြင်ကြီးထဲမှာပဲ သေခြင်းတရားကို စောင့်မျှော်နေရုံမှအပ ဘာမျှမတတ်နိုင်တော့။

သို့ပေမဲ့ သူတို့သေနေ့မစေ့သေးပါ။ အခြေစိုက်စခန်းသို့ သူတို့ရောက်ပြီး များမကြာမီအတွင်း သူတို့ဆီသို့ နင်းရော့ သင်္ဘောဆိုက်ရောက်လာသည်။ နင်းရော့ သင်္ဘောနှင့်အတူ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့ ပါလာသည်။ ရှာဖွေရေးအဖွဲ့က ဆောင်းရာသီဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် ပြင်ဆင်လာကြသည်။ ပြီးတော့ ရှက်ကယ်လ်တန်နှင့် အဖွဲ့သားနှစ်ဦး၏ အလောင်းများကို ရှာဖွေကောက်ယူကြမည်။

ရှက်ကယ်လ်တန်၏ အားထုတ်မှုသည် စကော့၏ အားထုတ်မှုထက် သာလွန်ခရီးပေါက်ခဲ့၏။ သူ၏ တောင်ဝင်ရိုးစွန်းခရီးစဉ်သည် စကော့၏ ခရီးစဉ်ထက် မိုင်ပေါင်း ၃၆၀ ပိုမိုပေါက်မြောက်ခဲ့လေသည်။ သူနှင့် သူ့အဖွဲ့သားများသည် အကြီးအကျယ် ဒုက္ခရောက်ခဲ့ကြ၏။ အရုပ်ကြိုးပြတ်ဖြစ်လောက်အောင် အားပြတ်ခဲ့ကြ၏။ သို့ပေမဲ့ သူတို့

mgyoe.com

mgyoe.com

မသေခဲ့ကြ။ သူတို့ ထိုသို့အသက်ရှင်ခဲ့ကြခြင်းမှာ လတ်ဆတ်သော မြင်းသားများ ကျေးဇူးကြောင့်ဖြစ်၏။ မြင်းသားကျေးဇူးကြောင့် သွေးအားနည်းသည့် ရောဂါလည်း မဖြစ်တော့။

အင်္ဂလန်သို့ ပြန်ရောက်သောအခါ ရှက်ကယ်လ်တန်အား တစ်တိုင်းတစ်ပြည်လုံးက သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ သူရဲကောင်းတစ်ဦးအဖြစ် သတ်မှတ်ပြီး ဆာ ဘွဲ့အပ်နှင်းခြင်းခံရသည်။ သူက တောင်ဝင်ရိုးစွန်းသို့ နောက်တစ်ခေါက်သွားဦးမည်ဖြစ်ကြောင်း၊ သည်တစ်ခေါက် ရော့စ်ပင်လယ်ထဲအထိ ရောက်အောင်သွားမည်ဖြစ်ကြောင်း လူသိရှင်ကြား ကြေညာခဲ့၏။ သို့သော် သူ့အချိန်အတော်တော်များများသည် နင်းရော့ ခရီးစဉ်အတွက် တင်ခဲ့သည့် အကြွေးတွေ ပြန်ဆပ်ဖို့ ကြိုးစားရင်း ကုန်လွန်နေရသည်။

နောက်နှစ်နှစ်တာကာလအတွင်း သူက ဟောပြောပို့ချပွဲတွေ ပြုလုပ်သည်။ အန္တာတိတ်၏နှလုံးသား အမည်ရှိ ရောင်းအကောင်းဆုံး စာရင်းဝင်စာအုပ်ကို သူက နှုတ်တိုက်ချပေးသည့်နည်းဖြင့် ရေးသားဇ ိ ဝေသည်။ နောက်ပြီး နင်းရော့ သင်္ဘောကြီးကိုပင် ပြတိုက်အဖြစ် အ ပွင် ပြောင်းပစ်ခဲ့၏။ နင်းရော့ ပြတိုက်ထဲ ဝင်ရောက်ကြည့်ရှုလိုသူများထံမှ ဝင်ကြေးကောက်ခံသည်။ ထိုအချိန်တွင် တိုင်းသူပြည်သား လူအများ၏ မျှော်ကိုးချက်အရ တောင်ဝင်ရိုးစွန်းဆီသို့ နောက်တစ်ချီ ချီတက်ပြန်သည်။ ရှက်ကယ်လ်တန်ကတော့ သတင်းထူးအဖြစ် ဖော်ပြသည့် စကော့အကြောင်းများကို သတင်းစာထဲမှာပဲ စောင့်ဖတ်ရင်း မိမိအလှည့်ကျမည့်အချိန်ကို စောင့်နေရသည်။

စကော့၏ နောက်ဆုံးခရီးစဉ်သည် သည်းထိတ်ရင်ဖို စွန့်စားခန်းများပါသည့် ဇာတ်လမ်းတစ်ပုဒ်ကဲ့သို့ပင်ဖြစ်၏။ ၁၉၁၀ ခုနှစ်၊ အောက်တိုဘာလထဲတွင် သတင်းတစ်ပုဒ်ထွက်လာသည်။ နော်ဝေလူမျိုး စူးစမ်း

mgyoe.com

mgyoe.com

ရှာဖွေရေးသမား ရောင်းလ်အမန်ဆင် (Roald Amundsen) သည် အာတိတ်ဒေသသို့ စူးစမ်းရှာဖွေရေးခရီး ထွက်နေရာမှ တိတ်တဆိတ် ပြန်လှည့်လာပြီး တောင်ဝင်ရိုးစွန်းသို့ ဦးတည်သွားနေကြောင်း၊ သူ့ ရည်ရွယ်ချက်မှာ တောင်ဝင်ရိုးစွန်း၌ ဦးစွာခြေချနိုင်ရေးတွင် ဗြိတိသျှတို့ ကို အနိုင်ယူရေးပင်ဖြစ်ကြောင်း စသည်ဖြင့်။

ပြိုင်ပွဲကတော့ စတင်လေပြီ။ အဖွဲ့နှစ်ဖွဲ့စလုံး ၁၉၁၁ ခုနှစ်၊ အောက်တိုဘာလထဲတွင် တာထွက်ကြသည်။ စကော့၏အဖွဲ့သည် စထွက်ကတည်းက ခရီးမတွင်။ သူတို့တွင် သယ်ယူပို့ဆောင်ရေးပစ္စည်း တွေက များလွန်းလှသည်။ အမယ်စုံလွန်းလှသည်။ ရှက်ကယ်လ်တန် အဖွဲ့တွင် အသုံးမတည့်ခဲ့သည့်မြင်းတွကို သူတို့က တင်ဆောင်လာသည်။ ပြီးတော့ ရေခဲပြင်ပေါ်တွင် အလုပ်မဖြစ်သည့် စက်တပ်စွတ်ဖားတွေ၊ ဘယ်သူမျှ မမောင်းနှင်တတ်သည့်ခွေးတွေ။ သည်အဖွဲ့ကြီးကို တင် ဆောင်ပြီး ရှက်ကယ်လ်တန် သွားခဲ့သည့်လမ်းကြောင်းနှင့် အနီးဆုံး ချဉ်းကပ်ပြီးသွားကြသည်။ ယခုတော့ ဝင်ရိုးစွန်းသို့သွားလျှင် ကြုံတွေ့ ရနေကျ အစဉ်အလာလိုဖြစ်နေသည့် ဆာလောင်မွတ်သိပ်ခြင်းနှင့် ဆင်းရဲ ဒုက္ခရောက်ခြင်းတို့ကို ခံစားကြရသည်။

အမန်ဆင်နှင့် သူ့ရောင်းရင်းလေးဦးတို့ကတော့ နှင်းလျှောစီး ကိရိယာများ၊ စနစ်တကျ ထိန်းကျောင်းလေ့ကျင့်ပေးထားသည့် ခွေးငါးဆယ့် နှစ်ကောင်တို့နှင့် သက်သောင့်သက်သာ ခရီးနှင်ခဲ့ရာ တစ် နေ့လျှင် ဆယ့်ငါးမိုင်မှ မိုင်နှစ်ဆယ်အထိ ခရီးပေါက်ခဲ့၏။ စကော့၏ အဖွဲ့ကတော့ တစ်နေ့လျှင် ဆယ်မိုင်မှ ဆယ့်သုံးမိုင်အထိ ခရီးတွင်ဖို့ အသေအလဲ ကြိုးပမ်းကြရသည်။ နော်ဝေလူမျိုးများအဖွဲ့ကမူ အပြန်ခရီး တွင် တစ်နေ့ မိုင်သုံးဆယ်အထိ ခရီးပေါက်ခဲ့လေသည်။

"ဒီနယ်မြေမှာ ခွေးတွေကို သုံးလို့မရဘူးလို့ အင်္ဂလိပ်တွေပြော

mgyoe.com

mgyoe.com

ခဲ့တာ ငါတော့ နားမလည်နိုင်လောက်အောင်ပဲ” ဟု အမန်ဆင်က နေ့စဉ်မှတ်တမ်းထဲတွင် တွေဝေစွာရေးမှတ်ခဲ့၏။ ၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင်တော့ အားအင်ကုန်ခန်းပြီး ဒယီးဒယိုင်ဖြစ်နေသည့် စကော့နှင့်အဖွဲ့သည် ၈၉° တောင်အရပ်သို့ ရောက်သွားသည်။ ထိုနေရာတွင် သူတို့အံ့သြတကြီး တွေ့မြင်လိုက်ရသည်မှာ ရေခဲပြင်ပေါ်တွင် ရှုပ်ယှက်ခတ်သွားလာထားသည့် လမ်းကြောင်းများ။ အမန်ဆင်နှင့် အဖွဲ့သားများ ချန်ထားရစ်ခဲ့သည့် ခြေရာလက်ရာများပါတည်း။

“အဆိုးဆုံးအခြေအနေကတော့ ဖြစ်ပေါ်ခဲ့ပြီ” ဟု စကော့က သူ့နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်သည်။ “စိတ်ကူးယဉ်အိပ်မက်တွေကို စွန့်လွှတ်ရတော့မှာပဲ”

နောက်တစ်နေ့တွင် စိတ်ဓာတ်အကျကြီးကျနေသည့် သူတို့အဖွဲ့ တောင်ဝင်ရိုးစွန်းခရီးကို ဆက်ခဲ့ကြသည်။ သူတို့၏အလံတော်ကို စိုက်ထူကြသည်။ မှတ်စုတွေမှတ်တမ်းတွေ ရေးကြသည်။ ဓာတ်ပုံတွေရိုက်ပြီး မှတ်တမ်းတင်ကြသည်။ ပြီးတော့ အပြန်ခရီးအတွက် ပြင်ဆင်ကြသည်။

“ဘုရား ဘုရား၊ ဒီနေရာဟာ တော်တော်ဆိုးရွားတဲ့ နေရာကြီးပါကလား။ ကဲ... ခုတော့ အိမ်ကိုအသော့ပြန်ပြေးနိုင်ဖို့ အသေအလဲ ရုန်းကန်ရဦးမယ်။ ငါတို့ ဒီတောင်ကို ကျော်နိုင်ပါဦးမလား”

ဤကား စကော့၏ မှတ်ချက်။

သည်တောင်ကို သူတို့မကျော်နိုင်ခဲ့ကြပါချေ။ စကော့၏ အဖွဲ့သား ငါးဦးသည် တစ်ဦးပြီးတစ်ဦး ရေခဲပြင်ပေါ်တွင် သေဆုံးခဲ့ကြ၏။ သူတို့အဖွဲ့၏ ဇာတ်သိမ်းခန်းသည် ငြိုးမာန်ကြီးစွာ တိုက်ခတ်လာသော နှင်းမုန်တိုင်းကြီးဖြင့် စတင်ခဲ့၏။ သူတို့အဖွဲ့ နှင်းမုန်တိုင်းကြီးထဲတွင် ပိတ်မိနေသည်။ တစ်ယောက်ပြီးတစ်ယောက် အသက်ဆုံးရသည်။ နောက်ဆုံး အသက်ရှင်ကျန်သူ သုံးဦးသာရှိတော့၏။ သူတို့သုံးဦး ပိတ်မိ

mgyoe.com

mgyoe.com


နေသည့် ရွက်ဖျင်တဲကလေးသည် သေရေးရှင်ရေး အဆုံးအဖြတ်ပေးမည့် ရိက္ခာထောက်ပံ့ရေးစခန်းနှင့် ဆယ့်တစ်မိုင်ပဲ ဝေးတော့သည်။ ခုတော့ စကော့က သူ၏ စစ်မှန်သော ကြီးမြတ်ခြင်းကို ထုတ်ဖော်ပြသလေပြီ။ စူးစမ်းရှာဖွေရေး အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့်မဟုတ်ဘဲ သူ၏ စကားအသုံးအနှုန်းများဖြင့် ထုတ်ဖော်ပြသခဲ့ခြင်း ဖြစ်၏။

သူက အင်္ဂလန်ရှိ ဘဏ္ဍာရေးမှူးထံသို့ စာတစ်စောင်ရေးခဲ့၏။

“ကျုပ်တို့ ကြီးမြတ်တဲ့ အမျိုးကောင်းသားတွေလို အသက်စွန့်ကြမယ်။ ဘေးအန္တရာယ်အပေါင်းကို ကြံ့ကြံ့ခိုင်ခိုင် ခံနိုင်စွမ်းနဲ့ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် စိတ်ဓာတ်ဟာ ကျုပ်တို့လူမျိုးမှာ ပျောက်ကွယ်မသွားသေးဘူးဆိုတာ ဒီဖြစ်ရပ်က သက်သေပြနိုင်လိမ့်မယ်လို့ ကျုပ်ထင်တယ်။”

ပြည်သူလူထုသို့ ပေးပို့သော သူ့ သဝဏ်လွှာတွင်တော့ ရင်ကိုလှုပ်ခတ်စေသည့် ဆင်ခြေတွေ တသီတတန်းကြီး တင်ပြထား၏။ အောင်မြင်မှုမရှိသော မြင်းဖြင့်သယ်ယူပို့ဆောင်ရေး၊ ရာသီဥတု၊ နှင်း၊ ‘ထိတ်လန့်ချောက်ချားစရာကောင်းလောက်အောင် ကြမ်းတမ်းတဲ့ ရေခဲ များ’၊ ‘သူ အားထားလို့မရလောက်အောင် နည်းပါးသည့် လောင်စာဆီများ’၊ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသော သူ့ရောင်းရင်းကြီး တိုက်တပ်စ်အုတ် (Titus Oates) နာမကျန်းဖြစ်မှု စသည်ဖြင့်။

“ကျုပ်တို့သာ အသက်ရှင်ကျန်ရှိနေဦးမယ်ဆိုရင် ကျုပ်အဖွဲ့သားတွေ ခံစားခဲ့ရတဲ့ ဆင်းရဲဒုက္ခတွေ၊ ခံနိုင်ရည်ရှိမှုတွေနဲ့ သူတို့ရဲ့ သူရသတ္တိ အကြောင်း ပုံပြင်တစ်ပုဒ်လို ကျုပ်ပြန်ပြောပြနိုင်မှာပဲ။ အဲဒီအကြောင်းတွေ ကြားရရင် အင်္ဂလိပ်လူမျိုးတိုင်းရဲ့ ရင်မှာ လှုပ်ရှားထိခိုက်ကြမှာ အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီမှတ်စုအတိုအထွာတွေနဲ့ ကျုပ်တို့ရဲ့ အလောင်းတွေက ကျုပ်တို့အကြောင်းပုံပြင်ကို ပြောပြနေမှာပါ”

mgyoe.com

mgyoe.com


မတ်လ ၂၉ ရက်နေ့တွင် သူ၏ နေ့စဉ်မှတ်တမ်းထဲ၌ နောက်ဆုံး ရေးမှတ်ခဲ့သည့် မှတ်တမ်းမှာ

"ဖြစ်ရပ်က ဝမ်းနည်းစရာပဲ။ ဒါပေမဲ့ ကျုပ်နောက်ထပ်ဆက်ပြီး ရေးနိုင်တော့မယ် မထင်ဘူး" ဟူ၏။

စကော့၏ နောက်ဆုံးမှာတမ်းစကားတွေ ပြင်ပကမ္ဘာသို့ ရောက်ရှိဖို့ တစ်နှစ်နီးပါးကြာညောင်းခဲ့၏။ ၁၉၁၃ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် ပြည်သူလူထု ကြားသိခွင့်ရသောအခါမှာတော့ ဗြိတိသျှအင်ပါယာကြီး တစ်ခုလုံး ကြေကွဲဝမ်းနည်းကြရသည်။ စကော့၏ ကြေကွဲဖွယ် သူ့ရဲ ကောင်းဇာတ်လမ်းကို သတင်းစာများတွင် အထင်ကရ ရေးသားကြ၏။ တရားဟောစင်မြင့်များပေါ်မှ မော်ကွန်းတင် အလေးပြုဟောပြောကြ၏။ ပြောမယုံ ကြုံဖူးမှသိမည့် ဒဏ္ဍာရီတစ်ပုဒ် ပေါ်ထွန်းလာပေပြီ။ နိုင်ငံကျော်စာရေးဆရာ ဆာ ဂျိမ်းဘာရီ (Sir James Barrie) တည်းဖြတ်ထုတ်ဝေလိုက်သည့် စကော့၏ နေ့စဉ်မှတ်တမ်းများက ၎င်းဒဏ္ဍာရီကို ပိုမိုအထင်ကရဖြစ်စေခဲ့သည်။

ဤကား ရက်ကယ်လ်တန်၏ မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ရေးအဖွဲ့ ဖြစ်ပေါ်လာစေမည့် ကျောထောက်နောက်ခံ ဖြစ်ကြောင်းကုန်စင်ဖြစ်ရပ်များပါတည်း။ စကော့ ကွယ်လွန်ကြောင်း သတင်းထွက်လာသည့်နှစ်မှာပင် ရက်ကယ်လ်တန်၏ ဖွဲ့ စူးစမ်းရှာဖွေရေးအဖွဲ့က ခရီးစခဲ့သည်။ သည်တော့ သူတို့အဖွဲ့၏ စွန့်စားမှုကို စိတ်ဝင်စားစရာ အမျိုးသားရေးဖြစ်ရပ်တစ်ခုအဖြစ် ရှုမြင်ကြသလို ကံဆိုးကြမ္မာဆိုးဖြင့် သေကြဦးမည့် နောက်ထပ်ဖြစ်ရပ်ဆိုးကြီးအဖြစ် ရှုမြင်သူတွေလည်း ရှိ၏။ အများပြည်သူ၏ အတွေးအာရုံထဲတွင် အန္တာတိတ်ဒေသသည် သူရသတ္တိပြောင်မြောက်သော စွန့်စားခန်းများ ဖြစ်ပေါ်စေသည့် နေရာဒေသ ဖြစ်၏။ သို့ဖြစ်သည့်တိုင် ဘယ်လိုအနာဂတ် အောင်မြင်မှုမျိုးကမျှ

mgyoe.com

m o m

စကော့၏ ကြီးကျယ်ခမ်းနားဂုဏ်ယူဖွယ် ဇာတ်သိမ်းကို ကျော်လွှားနိုင်မည် မဟုတ်ဟု ထင်မြင်ဖွယ်ဖြစ်ခဲ့၏။

မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ရေးအဖွဲ့၏ လမ်းညွှန်စာတမ်းထဲတွင် ဖော်ပြထားသည့် ရှက်ကယ်လ်တန်၏ ရည်မှန်းချက်များမှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

"စိတ်ခံစားမှု ရှုထောင့်ကနေပြောရရင် ဒီခရီးစဉ်ဟာ သွားခဲ့ပြီးတဲ့ ဝင်ရိုးစွန်းခရီးစဉ်တွေထဲမှာ နောက်ဆုံးခရီးစဉ်ဖြစ်တယ်။ ဒီခရီးစဉ်ဟာ ဝင်ရိုးစွန်းကိုသွားပြီး ပြန်လာနိုင်တဲ့ခရီးစဉ်ထက် ပိုပြီးကြီးကျယ်တဲ့ ခရီးစဉ် ဖြစ်သွားလိမ့်မယ်။ နောက်ပြီး ဒီခရီးစဉ် ပေါက်မြောက်အောင်မြင်ဖို့ဆိုတာ ဗြိတိသျှ ပြည်သူတွေရဲ့ တာဝန်ပဲလို့ ကျွန်တော်ယူဆမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ မြောက်ဝင်ရိုးစွန်းပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့ကြလို့ပဲ။ ဒီတော့ ယခုကျန်ရှိနေတဲ့ အကြီးကျယ်ဆုံးနဲ့ ရင်သပ်ရှုမောစရာ အကောင်းဆုံးပြိုင်ပွဲကြီးကတော့ အန္တာတိတ်တိုက်ကြီးကို ဖြတ်ကျော်ရေးခရီးစဉ်ပါပဲ"

ရှက်ကယ်လ်တန်သည် သူ၏မဟာခရီးစဉ်ကြီး အကောင်အထည်ဖော်ရေးအတွက် ရရာရန်ပုံငွေများကို အလျဉ်းသင့်သလို စုဆောင်းခဲ့ရ၏။ သူ့အား အဓိက ငွေကြေးထောက်ပံ့သူများမှာ ဗြိတိသျှအစိုးရနှင့် ငွေကြေးချမ်းသာကြွယ်ဝသော စကော့လူမျိုး ဂုန်လျှော်ထုတ်လုပ်သူ ဆာဂျိမ်း ကီး ကဲဒ်တို့ဖြစ်၏။ ဂုန်လျှော်သူဌေးကြီးက ပေါင် ၂၄,၀၀၀ ကို ရက်ရက်ရောရော ထည့်ဝင်လှူဒါန်းခဲ့၏။ အခြားများများစားစား ထောက်ပံ့သူများမှာ ဆေးရွက်ကြီးလုပ်ငန်းရှင်သူဌေးကြီး၏ သမီးဖြစ်သူ မီးစ် ဂျက်နက် စတန်းကုမ့် ဝီးလ်နှင့် ဘာမင်ဂမ် အသေးစားလက်နက်ကုမ္ပဏီသူဌေး ဒပ်ဒလေ ဒေါ့ကာတို့ဖြစ်၏။ သူတို့တစ်တွေလောက် များများစားစားမဟုတ်သည့် ငွေကြေးပမာဏကို ထည့်ဝင်လှူဒါန်းသူ

mgyoe.com

mgyoe.com


များမှာ တော်ဝင်ပထဝီအဖွဲ့နှင့် အခြားတစ်ဦးချင်း အလှူရှင်များ၊ နောက်ပြီး ခွေးဆွဲစွတ်ဖားများအတွက် အင်္ဂလန်တစ်နံတစ်လျားမှ အထက်တန်းကျောင်းများဖြစ်၏။

ရန်ပုံငွေစုဆောင်းလို့ရသည့် နောက်တစ်နည်းမှာ 'သတင်းနှင့် မှတ်တမ်းဓာတ်ပုံများ မူပိုင်ခွင့်' အားလုံးကို ကြိုတင်ရောင်းချထားခြင်းဖြစ်၏။ ကင်မရာဖြင့် ပထမဦးဆုံး ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့သည်မှာ အန္တာတိတ်တိုက်ဖြစ်၏။ ၁၉၀၂ ခုနှစ်တွင်သွားခဲ့သော စကော့၏ စူးစမ်းရှာဖွေရေးအဖွဲ့မှစပြီး တပြန့်တပြောကြီး ဖွေးဖွေးလှုပ်နေသည့် နယ်မြေဒေသကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းတင်နိုင်ခဲ့၏။ ၎င်းဓာတ်ပုံမှတ်တမ်းများသည် သမိုင်းဝင်မှတ်တမ်းများဖြစ်လာသည်။ ထို့ပြင် ပထဝီပညာအရ တန်ဖိုးရှိသော အထောက်အထားများ ဖြစ်လာသည်။ စကော့၏ နောက်ဆုံးခရီးစဉ်ကို မှတ်တမ်းတင်ဂုဏ်ပြုရိုက်ကူးထားသည့် '၉၀ တောင်' ရုပ်ရှင်သည် ရှက်ကယ်လ်တန်၏အဖွဲ့ စတင်ထွက်ခွာချိန်တွင် လူကြိုက်များကျော်ကြားနေဆဲဖြစ်၏။ ယင်းအနေအထားကို နှလုံးသွင်းမိသော ရှက်ကယ်လ်တန်က မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ရေး ရုပ်ရှင်အဖွဲ့ကို ဖွဲ့စည်းသည်။ သူက စူးစမ်းရှာဖွေရေးခရီးစဉ်နှင့် ပတ်သက်သည့် ရုပ်ရှင်မူပိုင်ခွင့်များကို ရောင်းချအမြတ်ထုတ်ဖို့ ကြံစည်ထား၏။ သီးသန့်သတင်းဓာတ်လမ်း မူပိုင်ခွင့်များကိုမူ ဒေးလီးခရော်နီကယ် (Daily Chronicle) သတင်းစာသို့ ရောင်းချခဲ့၏။

ရှက်ကယ်လ်တန်က နော်ဝေနာမည်ကျော် Framnaes သင်္ဘောကျင်းတွင် တည်ဆောက်သော သင်္ဘောတစ်စင်းကိုဝယ်သည်။ ၎င်းသင်္ဘောကျင်းက ဝင်ရိုးစွန်းသွားသင်္ဘောများ တည်ဆောက်ပေးနေသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ သူဝယ်သည့်သင်္ဘောသည် တန် ၃၀၀ အလေးချိန်ရှိသည့် သစ်သားရွက်သင်္ဘောဖြစ်ပြီး တစ်ကြိမ်တစ်ခါမျှ ရေ

mgyoe.com

mgyoe.com

မချရသေး။ သင်္ဘောအလျားမှာ ၁၄၄ ပေရှိသည်။ ဖွဲ့စည်းတည်ဆောက်ထားသည့် ဝက်သစ်ချပျဉ်ပြားများနှင့် နော်ဝေထင်းရှူးပျဉ်ပြားများ၏ ထုထည်သည် နှစ်ပေခွဲအထိထူသည်။ နောက်ပြီး ၎င်းပျဉ်ပြားများကို တောင်အမေရိက သစ်မာသားများထဲ သွတ်သွင်းထားသည်ဖြစ်ရာ ထိုမျှ မာကျောသောသစ်များကို ရှေးရိုးစဉ်လာနည်းဖြင့် ကိုင်တွယ်တည်ဆောက်လို့ မရနိုင်ပါချေ။ ဤသင်္ဘောကို တည်ဆောက်ရာ၌ အခိုင်မာအတောင့်တင်းဆုံးဖြစ်အောင် သစ်သားသင်္ဘောတည်ဆောက်ရေးတွင် ဆရာကြီးတစ်ဆူဖြစ်သူက ယိုကွက်ဟာကွက်မရှိ အသေးစိတ် စီစဉ်ခဲ့သည်။ သည်သင်္ဘောကို ပိုလာရစ် (Polaris) ဟု အမည်ပေးထားသည်။ ပိုလာရစ်အား တည်ဆောက်ထားပုံမှာ ရေခဲဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် စီမံထားပုံရ၏။ ပိုလာရစ်ကို ဝယ်ပြီးသောအခါ ရှက်ကယ်လ်တန်က သူတို့မိသားစု၏ ဆောင်ပုဒ်ဖြစ်သည့် 'မဆုတ်မနစ်သော ဇွဲသတ္တိဖြင့် ငါတို့အောင်နိုင်သည်' ကို အစွဲပြုကာ သူ့သင်္ဘောကို ဇွဲ ဟု အမည်ပြောင်းခဲ့လေသည်။

စင်စစ် သူတို့ခရီးစဉ် အဆင်ပြေဖို့ သင်္ဘောနှစ်စင်း လိုအပ်၏။ ရှက်ကယ်လ်တန်က ကုန်းပေါ်ခရီးကို ဝက်ဒဲလ်ပင်လယ်မှစတက်ဖို့ ရည်ရွယ်ထားသည်။ သို့ဖြစ်ရာ သူ့စီမံကိန်းအရဆိုလျှင် ရော့စ်ပင်လယ်ရှိ သူ၏ အခြေစိုက်စခန်းဟောင်း ကိပ်ရွိုက် (Cape Royds) ရှိရာသို့ ရိက္ခာဖြည့်သင်္ဘောတစ်စီးသွားဖို့လိုအပ်၏။ ရိက္ခာဖြည့်သင်္ဘောက အခြေစိုက်စခန်းသို့ရောက်လျှင် လူခြောက်ယောက် ပါဝင်သည့် ကုန်လှောင်ရုံ တည်ဆောက်ရေးအဖွဲ့က ဆင်းမည်။ ကုန်းပေါ်တွင် ကုန်လှောင်ရုံဆောက်ပြီး တစ်ဖက်ကမ်းမှကူးလာမည့် ရှက်ကယ်လ်တန်တို့အဖွဲ့အတွက် စားနပ်ရိက္ခာများ သိုလှောင်ထားခဲ့မည်။ ထို့ကြောင့် ထိုလုပ်ငန်းအကောင်အထည်ဖော်ဖို့ အော်ရိုရာ (Aurora) အမည်ရှိ သင်္ဘော

mgyoe.com

mgyoe.com

အဟောင်းတစ်စင်းကို ဝယ်ခဲ့၏။

ဩဂုတ်လအရောက်တွင် သူတို့အားလုံးအဆင်သင့်ဖြစ်သယောင် ရှိနေပြီ။ ရှက်ကယ်လ်တန်၏ ဝင်ရိုးစွန်းစွန့်စားခန်း ခရီးစဉ်ကို ဗြိတိသျှ သတင်းစာများက စိတ်ဝင်တစား အလေးပေးဖော်ပြကြ၏။ ဖွဲ့ သည် ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လန်ဒန်သင်္ဘောကျင်းမှ စတင် ထွက်ခွာတော့မည်။ သို့သော် သည့်ထက် ပိုအရေးကြီးသည့်သတင်းများ ပေါ်ထွက်လာသည့်အတွက် ဖွဲ့ သင်္ဘောသတင်းသည် တိမ်မြုပ်သွား တော့၏။ ပိုမိုအရေးကြီးသည့် သတင်းဆိုသည်မှာ ဂျာမနီက ရုရှားအား စစ်ကြေညာလိုက်ခြင်း။ သည်တော့ ဥရောပတွင်လည်း မလွဲမသွေ စစ် ဖြစ်တော့မည်။ ဖွဲ့ သည် လန်ဒန်မှ စတင်ထွက်ခွာလာရာ ပလိုင်းမောက် သို့ရောက်နေ၏။ ဩဂုတ်လ ၄ ရက်၊ တနင်္လာနေ့၊ အရေးပေါ်စစ်မှုထမ်း ဖို့ ဆင့်ခေါ်သည့်အမိန့်ထွက်လာချိန်တွင် ဖွဲ့ သင်္ဘောသည် ဗြိတိသျှရေပိုင် နက်ထဲမှာပဲ ရှိနေသေးသည်။

ရှက်ကယ်လ်တန်က သူ့အဖွဲ့သားများနှင့် တိုင်ပင်ညှိနှိုင်းပြီး အစိုး ရ၏ သဘောထားကို စောင့်ဆိုင်းနာခံဖို့ ဆုံးဖြတ်သည်။ "ငါတို့ အဖွဲ့ သားတွေထဲမှာ ဖျက်သင်္ဘောတစ်စင်းပေါ်မှာ အမှုထမ်းလို့ရနိုင်လောက် အောင် အလေ့အကျင့်နဲ့ အတွေ့အကြုံရှိသူတွေ လုံလုံလောက်လောက် ပါဝင်နေတယ်" ဟု သူက ခံယူထား၏။ သို့ပေမယ့် သူ အသက်အောင့် ထားမိမှာတော့ သေချာသည်။ သည်လောက်အလုပ်တွေ ခါးချည့်အောင် ကျုံးလုပ်ပြီး၊ သည်လောက်စီမံကိန်းတွေ ဆွဲပြီးခါမှကွာ။ ဇာတ်လမ်းက စမှမစရသေးဘူး အဖျက်အဆီးနဲ့တွေ့ရတယ်လို့။ သို့သော် ရေတပ် ဦးစီးဌာနမှ အမိန့်စာတစ်စောင်ထွက်လာသည်။ ကြေးနန်းဖြင့် ပေးပို့ သည့် အမိန့်စာတွင် ရေးထားသည်မှာ စာလုံးတစ်လုံးတည်း။ "ဆက် သွား" ဟူ၏။ ပိုမိုရှည်လျားသော ကြေးနန်းတစ်စောင် ထပ်ရောက်လာ

mgyoe.com

သည်။ ၎င်းကြေးနန်းစာကို လက်မှတ်ထိုးထားသူမှာ ရေတပ်ဗိုလ်ချုပ်ကြီး ဝင်စတန်ချာချီ (Winston Charchill)။ စူးစမ်းရှာဖွေရေး ခရီးစဉ်ကို သက်ဆိုင်ရာအာဏာပိုင်များက ဆက်လက်ဆောင်ရွက်စေလိုကြောင်း ကြေးနန်းတွင်ဖော်ပြထား၏။ သို့ဖြင့် ဖွဲ့ သည် ဩဂုတ်လ ၈ ရက်နေ့တွင် ပလိုင်းမောက်မြို့မှ ထွက်ခွာခရီးဆက်ခဲ့လေသည်။

စွမ်းဆောင်ရည်ပြည့်ဝလျှင် အောင်လံထူနိုင်ကြောင်း နော်ဝေလူမျိုး အမန်ဆင်က သူ့ရှေ့မှမျက်ဝါးထင်ထင် နမူနာပြသွားပြီဖြစ်ရာ ရှက်ကယ်လ်တန်သည် ဆင်းရဲဒုက္ခများကို ခါးစည်းခံပြီး ကြိုတင်ပြင်ဆင်မှုများ ပြုခဲ့၏။ သူ့အဖွဲ့တွင် ပါဝင်အမှုထမ်းဖို့ ရေတပ်သင်္ဘောသားလူငယ်တစ်ဦးကို စည်းရုံးသိမ်းသွင်းခဲ့၏။ သူ့အဖွဲ့တွင် ရေခဲပြင်လျှောစီး နည်းပြဆရာဖြစ်လောက်အောင် ထိုလူငယ်က ရေခဲပြင်လျှောစီးကျွမ်းကျင်သည်။ ရှက်ကယ်လ်တန်က နော်ဝေသို့သွားသည်။ သူတို့အဖွဲ့အသုံးပြုမည့် ရွက်ဖျင်တဲများကို စစ်ဆေးသည်။ နော်ဝေအာဟာရဗေဒ ပညာရှင်များနှင့် တိုင်ပင်သည်။ အကြံဉာဏ်များတောင်းခံသည်။ ထို့နောက် ကနေဒီယံ စွတ်ဖားဆွဲခွေး ခြောက်ဆယ့်ကိုးကောင်ကို ဗျူနိုအေးရီးစ်မြို့သို့ ပို့ပေးဖို့ စီစဉ်သည်။ ၎င်းခွေးများကို ထိုမြို့တွင် ဖွဲ့ က ကမ်းကပ်တင်ဆောင်မည်။

ဤသို့အစွမ်းကုန်အားထုတ်ခဲ့သော်လည်း သူ့အဖွဲ့သည် မျှော်လင့်ထားသလို နေသားတကျဖြစ်မလာခဲ့ပေ။ သူ့မှာ ခွေးတွေရှိသည်။ သို့သော် တစ်ဦးတည်းသောခွေးလေ့ကျင့်ရေးမှူးနှင့် ခွေးမောင်းနှင်ရေးသမားဖြစ်သူသည် နောက်ဆုံးအချိန်ကပ်လာမှ နုတ်ထွက်သွား၏။ အကြောင်းပြချက်မှာ အသက်အာမခံကြေး အရစ်ကျပေးသွင်းငွေ တစ်နင့်တပိုးကို ရှက်ကယ်လ်တန်က မပေးသောကြောင့်ဟုဆို၏။ နောက်ထပ်လစ်ဟင်းချက်တစ်ခုမှာ ခွေးများအတွက် မဖြစ်မနေလိုအပ်မည့် သန်ချဆေးလုံး

mgyoe.com

mgyoe.com


များ ပါမလာခြင်း။ ရှက်ကယ်လ်တန်၏ အန္တာတိတ်ဖြတ်ကျော်ရေး စီမံကိန်းအရဆိုလျှင် ခွေးစွတ်ဖားများဖြင့် တစ်နေ့လျှင် ဆယ့်ငါးမိုင် ခရီး ပေါက်ရမည်။ ဤကား အမန်ဆင်၏ ဆယ့်ခြောက်မိုင်စံချိန်နှင့် မရိုးမစွဲ နှုန်းဖြစ်၏။ သို့သော် ရှက်ကယ်လ်တန်၏လူတွေထဲတွင် နှင်းလျှောစီး နည်း ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သည့် တစ်ဦးတည်းသောအဖွဲ့ ဝင်သည် အင်္ဂလန်တွင်ကျန်ခဲ့လေသည်။

သို့ပေမယ့် သူတို့အဖွဲ့တွင် အထုပ်အထည်ဖြင့်ပြလို့မရသည့် စွမ်း ရည်များ ရှိနေပါသည်။ ၎င်းစွမ်းရည်များမှာ ရှက်ကယ်လ်တန်၏ ယခင် ကြိုးပမ်းအားထုတ်မှုများမှ ပေါက်ဖွားလာသည့် စွမ်းရည်များဖြစ်၏။ ၁၉၀၉ ခုနှစ်တွင် တောင်ဝင်ရိုးစွန်းနှင့် မိုင် ၁၀၀ အကွာသို့ရောက်မှ သူ့လက်တစ်ကမ်းအကွာသို့ ရောက်နေပြီဖြစ်သည့် ရွှေထီးကို ကျောခိုင်း ခဲ့ရ၏။ သူ့လူများကို ဦးဆောင်ပြီး အိမ်အပြန်ခရီးရှည်ကြီးကို ချီတက် ခဲ့သည်။ သည်လောက်ခက်ခဲပင်ပန်းသည့် မိုင်ပေါင်းများစွာကို ကျော် ဖြတ်လာခဲ့ပြီးမှ ယခုလို နောက်ကြောင်းပြန်လှည့်ဖို့ ဆုံးဖြတ်ရခြင်းမှာ အသည်းနာကြေကွဲစရာဖြစ်တော့၏။

သို့ဖြစ်သည့်တိုင် ကျန်ရှိနေသည့် မိုင် ၁၀၀ ခရီးကို စွန့်လွှတ်လိုက် ဖို့ သူ့စိတ်သူထိန်းခဲ့၏။ သူသာ သူ့စိတ်သူ မထိန်းနိုင်ခဲ့လျှင် သို့မဟုတ် အောင်မြင်ကျော်ကြားမှုကို ယခုထက်ပိုပြီး မက်မောခဲ့လျှင် အားနက် ရှက်ကယ်လ်တန်သည် တောင်ဝင်ရိုးစွန်းတွင် ပထမဆုံးခြေချသည့် လူသားစစ်စစ်ဖြစ်ခဲ့မှာ မြေကြီးလက်ခတ်မလွဲတော့။ နောက်ပြီး သူနှင့် သူ့အပေါ်ယုံကြည်လေးစားသော သူ့လူတွေသည် စကော့နှင့် သူ့အဖွဲ့ သားတွေ ဇိဝိန်ကြွေခဲ့သည့် ရွက်ဖျင်တဲကလေးနှင့် မလှမ်းမကမ်းတစ် နေရာတွင် အသက်ဆုံးကြရမှာလည်း မလွဲဧကန်ဖြစ်နေ၏။ ပြန်လည် တပ်ခေါက်ဖို့ ရှက်ကယ်လ်တန်၏ ဆုံးဖြတ်ချက်ချခြင်းသည် သတ္တိရှိ

mgyoe.com

သော လုပ်ရပ်တစ်ခုမျှသာမဟုတ်။ သူ့ စရိုက်သဘာဝ၏ အခြေခံအုတ်မြစ်ဖြစ်သည့် အကောင်းမြင်ဝါဒအား စွဲစွဲမြဲမြဲ ယုံကြည်ခြင်းကိုလည်း ဖော်ပြနေ၏။ ဘဝက ပိုမိုများပြားသော အခွင့်အလမ်းများ အမြဲပေးအပ်လေ့ရှိသည်မဟုတ်လား။

"တကယ်လို့ အမန်ဆင်ကိုရှုံးနိမ့်သူဟာ ရှက်ကယ်လ်တန်ဖြစ်မယ်ဆိုရင် နော်ဝေလူမျိုးတွေ အိမ်အပြန်လမ်းမှာ ရှက်ကယ်လ်တန်တို့နဲ့ ဆုံစည်းကြမှာပဲ။ အဲဒီအခါကျရင် သူတို့နှစ်ဖွဲ့ဟာ အောင်မြင်ခြင်း အထိမ်းအမှတ်ပွဲကို ကြီးကြီးကျယ်ကျယ်ကျင်းပကြမှာပဲ" ဟု ထင်ရှားသော ဝင်ရိုးစွန်းသမိုင်း သုတေသီတစ်ဦးက ပြောဖူးပါသည်။

အမန်ဆင်ကို အရှုံးပေးလိုက်ရသည့်အတွက် စကော့အား ဖိစီးနှိပ်စက်ခဲ့သော စိတ်ပျက်လက်လျှော့ခံစားချက်မျိုး ရှက်ကယ်လ်တန်တွင် မရှိခဲ့ချေ။ သူ့စိတ်က ခိုင်မာသည်။ ပြတ်သားသည်။ သို့ပေမဲ့ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲတတ်သူလည်းဖြစ်၏။ တောင်ဝင်ရိုးစွန်းသို့ အရောက်သွားမည်ဟု သန္နိဋ္ဌာန်ချပြီးသည်နှင့် သူသည် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအားထုတ်တော့၏။ သို့သော် သေရေးရှင်ရေးသည် စိန်ခေါ်ချက်တစ်ရပ်ဖြစ်လာသောအခါတွင်မူ သူက တွေဝေမနေ။ ကိုယ်ကျိုးကြည့်မနေ။ နောင်တရကြေကွဲမနေသလို အရှုံးသမားတစ်ဦးအဖြစ် သတ်မှတ်ခံရမှာကိုလည်း ကြောက်မနေ။

သူ၏ ဝမ်းကျောင်းလုပ်ငန်း လုပ်သက်တစ်လျှောက်၏ စောစောပိုင်းကတည်းကပင် ရှက်ကယ်လ်တန်သည် အရာရာတိုင်းထက် သူ့လူများကို ရှေ့တန်းတင်ဦးစားပေးမည့် ခေါင်းဆောင်တစ်ဦးအဖြစ် လူသိများခဲ့၏။ ဤခံယူချက်သဘောထားကြောင့် သူ့ ဆုံးဖြတ်ချက်များကို သူ့လူများက ခိုင်ခိုင်မာမာ ယုံကြည်စိတ်ချကြခြင်းဖြစ်၏။ နောက်ပြီး

mgyoe.com

mgyoe.com


သူ့အပေါ် ကျားကုတ်ကျားခဲ ဖွဲ့နှပ်ပဲကြီးစွာ သစ္စာစောင့်သိကြခြင်းလည်း ဖြစ်၏။

သူတို့အဖွဲ့ တောင် ၈၈ မှ နောက်ကြောင်းသို့ လှည့်အပြန်ခရီး အကြောင်းကို သူ့ရဲဘော်သုံးယောက်ထဲမှ တစ်ဦးဖြစ်သည့် ဖရင့်ဝိုင်းလ် က သူ့နေ့စဉ်မှတ်တမ်းထဲရေးမှတ်ထားသည့် ဖြစ်ရပ်တစ်ခုရှိ၏။ ၎င်း ဖြစ်ရပ်က သူ့စိတ်ဓာတ်ကို လုံးဝဥဿုံ ပြောင်းလဲသွားစေသည်ဟု ဝိုင်းလ် ကဆိုသည်။ နောက်ကြောင်းပြန်ခရီးတစ်လျှောက်တွင် စားနပ်ရိက္ခာက မဖူလုံတော့။ ၁၉၀၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ညတွင် သူတို့ရသည့် အသားခြောက်ထောင်းနှင့် မြင်းသားမှာ မလောက်မငှနှင့် မဝရေစာ ဖြစ်နေသည်။ နောက်ဆက်တွဲအဖြစ် တစ်ဦးလျှင် ဘီစကွတ်လေးချပ်စီ ခွဲတမ်းရသည်။ ရှက်ကယ်လ်တန်က အခြားသူများနည်းတူ သူရသည့် ခွဲတမ်း ဘီစကွတ်လေးချပ်ထဲမှ တစ်ချပ်ကို ဝိုင်းလ်အား မစားမနေရ ဇွတ်အတင်းစားခိုင်းခဲ့သည် ဆို၏။

"အဲဒီအပြုအမူကပြလိုက်တဲ့ ရက်ရောမှုနဲ့ စာနာထောက်ထားမှုကို ကမ္ဘာပေါ်မှာ ဘယ်သူမှ ပတ်ပတ်နပ်နပ် နားလည်ခံစားနိုင်မှာမဟုတ် ဘူးလို့ ကျွန်တော်ထင်တယ်" ဟု ဝိုင်းလ်ကရေးထားသည်။ "ကျွန်တော် ဘုရားကိုတိုင်တည်ပြီး သစ္စာဆိုပါတယ်။ သူ့ရဲ့ငဲ့ညှာစိတ်ကို ကျွန်တော် တစ်သက်လုံး သတိရနေမှာပါလို့။ အဲဒီအချိန်မှာ အဲဒီဘီစကွတ်တစ်ချက် ကို အသပြာ ငွေတွေ ထောင်သောင်းချီပြီး ပေးလည်း ဝယ်လို့မရနိုင်ပါ ဘူး"

ဖွဲ့ သဘော်ဖြင့် ၁၉၁၄ ခုနှစ်၊ ဩဂုတ်လတွင် ရှက်ကယ်လ်တန် တောင်ဝင်ရိုးစွန်းသို့ ဦးတည်ထွက်ခွာသောအခါ သူ့လက်ထောက်အဖြစ် ဆောင်ရွက်သူမှာ ဖရင့်ဝိုင်းလ်ပင်ဖြစ်၏။ ရှက်ကယ်လ်တန်ပြသခဲ့သည့် အကြင်နာလွှမ်းသော အပြုအမူကလေးကို ဝိုင်းလ်ဘယ်တော့မှ မမေ့။

mgyoe.com

mgyoe.com


နောက်ပြီး ရှက်ကယ်လ်တန်အပေါ်ထားရှိသည့် ဝိုင်းလ်၏ သစ္စာစောင့်သိမှုသည် သူတို့အဖွဲ့၏ ကြီးမားသော စွမ်းရည်တစ်မျိုး ဖြစ်နေတော့၏။ မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ရေးအဖွဲ့၏ ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လောက်အားနည်းပြီး ဘယ်လောက်လစ်ဟာသည်ဖြစ်စေ သူတို့အဖွဲ့တွင် အားသာချက်တစ်ခု ရှိတာတော့ သေချာ၏။ အဖွဲ့သားများတွင် ကြီးမြတ်သောအရည်အချင်းကို ထုတ်ပြနိုင်သော ခေါင်းဆောင်ကောင်းတစ်ဦး ရှိနေခြင်း။

မှန်ပါသည်။ ရှက်ကယ်လ်တန်သည် သူ့ စူးစမ်းရှာဖွေရေးအဖွဲ့၏ ရည်မှန်းချက်ကို ပြည့်မြောက်အောင် အကောင်အထည်ဖော်ဖို့ နောက်တစ်ကြိမ် ပျက်ကွက်ခဲ့၏။ သူသည် အန္တာတိတ်တိုက်ပေါ်တွင် နောက်တစ်ကြိမ် ခြေချခွင့်ရမည်မဟုတ်တော့။ သို့ဖြစ်သော်လည်း စူးစမ်းရှာဖွေရေးခရီးကြမ်းကြီးတွင် သူ့လူတွေ မသေမပျောက် အသက်ရှင်ကျန်နေအောင် ပြောင်ပြောင်မြောက်မြောက် စွန့်စားဦးဆောင်သွားကြောင်းကိုတော့ သမိုင်းမှတ်တမ်းများတွင် မော်ကွန်းတင်ခံရမည် ဖြစ်ပါသည်။


❒

mgyoe.com

mgyoe.com



ဝက်ဒဲလ်ပင်လယ်ထဲတွေ့ရသည့် ပိုးမွှားတိရစ္ဆာန်ကလေးများအား
အဏုကြည့်မှန်ပြောင်းဖြင့် လေ့လာနေသည့် ဇီဝဗေဒပညာရှင် ကလတ်။



ရေခဲစိုင်ထဲမှ ဖောက်ထွက်ဖို့ သင်္ဘောတက်မကိုင်အား
လမ်းပြညွှန်ကြားနေသည့် ဝါစလေ။

mgyoe.com

mgyoe.com



တို့မပေါက်နိုင်လောက်အောင် ထုထည်ကြီးမားသည့် ရေခဲတောင်ကြီးများအလယ်တွင် ငွဲသင်္ဘောကလေးမှာ မလှုပ်သာ မလွန်သာ။



အဖွဲ့သားတွေ ရေခဲမျောတုံးပြင်ပေါ်ဆင်းပြီး လေ့လာကြ။

mgyoe.com

mgyoe.com




ပျင်းရိငြီးငွေ့ခြင်းကို ပြေပျောက်ဖို့ ရေခဲပြင်ပေါ်ဆင်းပြီး ဘောလုံးကန်ကြ။



တနက်ခွဲညပိုင်း ဓာတ်စက်ဖွင့်ပြီး အာရုံပြောင်းကြ။

mgyoe.com

mgyoe.com



ရေခဲစိုင်ကြီးတွေကြားထဲ အက်ကြောင်းကလေးတစ်ခု ပေါ်လာသည်နှင့် ၄င်းအခွင့်အရေးကို
အမိအရယူဖို့ ရွက်တွေတင် စက်ကို အားကုန်ဖွင့်ထား။

mgyoe.com

mgyoe.com

# တောင်အရပ်

ဖွဲ့ သည် ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အင်္ဂလန်မှ ခွာပြီး တောင်အရပ်သို့ ထွက်ခွာခဲ့သည်။ လမ်းတွင် မဒီရာ၊ မွန်တီဗီဒီယို နှင့် ဗျူနိုအေးရီးစ်မြို့များတွင် တစ်ထောက်စီနားသည်။ ဗျူနိုအေးရီးစ်တွင်တော့ သီတင်းနှစ်ပတ်လောက်နားပြီး သိုလှောင်ပစ္စည်းတွေ တင်သည်။ တစ်ချိန်တည်းတွင် အဖွဲ့သားများ အပြောင်းအလဲလုပ်သည်။ ရှက်ကယ်လ်တန်ကိုယ်တိုင်ကတော့ ကျန်အဖွဲ့ဝင်တွေ ဗျူနိုအေးရီးစ်သို့ ရောက်ပြီး အောက်တိုဘာလလယ်ကျမှ ဖွဲ့ သို့ရောက်လာသည်။

တောင်အရပ်သို့အသွား ပထမခရီးတစ်ထောက်ကတော့ တယ်ပြီး အဆင်မပြေလှ။ လောင်စာမလုံလောက်သည့်အတွက် အန္တာတိတ် သိုလှောင်ရေးတဲတွင် သိုလှောင်ဖို့လျာထားသည့် ထင်းများကို ဖွဲ့ က ဝါးပစ်လိုက်သည်။ နောက်ပြီး သင်္ဘောပေါ်တွင် နယူးဇီလန်သား ကပ္ပတိန် ဖရင့်ဝါစလေက အုပ်ချုပ်လာသည်ဖြစ်ရာ စည်းကမ်းပိုင်းတွင် လျော့ရဲရဲ ဖြစ်နေသည်။ အော်ကြီးဟစ်ကျယ်ငြင်းခုန်ပြီး ဖြစ်ပွားသည့်

mgyoe.com

mgyoe.com


ရန်ပွဲ တစ်ပွဲအကြောင်း ဝါစလေကိုယ်တိုင် ပြန်ပြောပြသည်မှာ "အာဗင်ရဲ့ ငယ်ထိပ်တည့်တည့်မှာ ဓားဒဏ်ရာကြီးတစ်ချက်ရပြီး ဘားရဲ့ မျက်နှာကတော့ ရောမပန်းအိုးကြီးတစ်လုံးထိပြီး ကွဲသွားလောက်အောင် ခံလိုက်ရတယ်" ဟူ၏။ သင်္ဘောသို့ ရှက်ကယ်လ်တန်ရောက်ပြီး သိပ်မကြာလိုက်ပါ။ အာဗင်၏ အမည်ရော ဘား၏အမည်ပါ အခြားသင်္ဘောသား နှစ်ဦး၏အမည်နှင့်အတူ သင်္ဘောသားစာရင်းမှ ပယ်ဖျက်ခံလိုက်ရလေသည်။ သူတို့၏ အမည်များကိုလည်း ပြောသံဆိုသံ နောက်ထပ်မကြားကြရတော့။

ဗျူနိုအေးရီးစ်မြို့သို့ ရှက်ကယ်လ်တန်မရောက်မီ ရက်အနည်းငယ်စောပြီး ဖွဲ့ သို့ရောက်လာသူမှာ ဂျိမ်း ဖရန်စစ် ဟာလေ (James Francis Hurley) ဆိုသူဖြစ်၏။ ဩစတြေးလျန်းလူမျိုးဟာလေက ထူးချွန်သည့် ဓာတ်ပုံဆရာတစ်ဦး။ နောက်ပြီး ရုပ်ရှင်မူပိုင်ခွင့်များနှင့် ပတ်သက်၍ ရှက်ကယ်လ်တန်က အားကိုးအားထားပြုရသူလည်း ဖြစ်လာသည်။ ဟာလေသည် ထိုလုပ်ငန်းမျိုးအတွက် မွေးဖွားလာသူပါတည်း။ သူသည် ကလေးဘဝကတည်းက လွတ်လွတ်လပ်လပ်နေတတ်ပြီး ခေါင်းမာသူဖြစ်၏။ အသက်ဆယ့်သုံးနှစ်တွင် အိမ်မှထွက်ပြေးပြီး သံထည်လုပ်ငန်းတစ်ခုတွင် ဝင်လုပ်သည်။ ထိုလုပ်ငန်းနှင့် နွှယ်ပြီး ဆစ်ဒနီသင်္ဘောကျင်းသို့ရောက်သည်။ ဆယ်ကျော်သက်အရွယ်မှာပင် သူ၏ ပထမဦးဆုံး ကင်မရာကို ဝယ်သည်။ ၁၅ သျှီလင်ပေးရသည့် ကိုဒက်ကင်မရာဖိုးကို တစ်ပတ်တစ်သျှီလင် ပေးဆပ်ရသည်။ ဟာလေ၏ ပထမဆုံး ကြေးစား ဓာတ်ပုံလုပ်ငန်းမှာ ပို့စ်ကတ်ပြုလုပ်ဖို့ ဓာတ်ပုံများရိုက်ပေးခြင်းဖြစ်၏။ သို့သော် သူနှင့်သဟဇာတဖြစ်သူများအပ်သည့် အပ်ထည်များ ရိုက်ပေးသည့်အဆင့်သို့ မြန်မြန်ဆန်ဆန် ရောက်သွားသည်။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖွဲ့ ကို ဆေးအနက်ရောင်သုတ်

mgyoe.com

ကြသည်။ စားနပ်ရိက္ခာများ အသစ်ဖြည့်တင်းသည်။ စွတ်ဖားဆွဲသည့် ကနေဒီယံခွေး ခြောက်ဆယ့်ကိုးကောင်ကိုလည်း တင်သည်။ ပြီးတော့ တောင်အတ္တလန်တိတ်သို့ ခုတ်မောင်းခဲ့သည်။ သူတို့ ထိုသို့လှုပ်ရှား နေချိန်တွင် ဗျူနိုအေးရီးစ်တွင် ရာသီဥတုက ခါတိုင်းနှင့်မတူ တစ်မူထူး ပြီး စိုစိုစွတ်စွတ်ဖြစ်နေသည်။ သို့ဖြစ်ရခြင်းမှာ ဝက်ဒဲလ်ပင်လယ်ထဲတွင် ရေခဲတုံးများ မပျော်သေးသောကြောင့်ဖြစ်ကြောင်း သူတို့အဖွဲ့ မသိခဲ့ကြ။ သိအောင် စူးစမ်းလေ့လာမှုလည်း မပြုလုပ်ခဲ့ကြ။ ထိုနည်းတူစွာပင် ရန်ပုံငွေအခြေအနေမှာ ခါတိုင်းလိုပင် စိတ်အေးချမ်းသာဖြစ်လောက် သည့်အနေအထားကို မရသေး။ ယိမ်းယိုင်ချည့်နဲ့နေဆဲ။ ရှက်ကယ်လ် တန် ရင်ငြိမ်းသွားစေသည်မှာ သူတို့အဖွဲ့မှ ဘူမိဗေဒပညာရှင် ဂျိမ်း ဝါဒီ (James Wordie) က သူ့ကိုယ်ပိုင်ငွေများကို လောင်စာဝယ်ဖို့ ရှက်ကယ်လ်တန်အား ကြိုတင်ပေးအပ်ခဲ့ခြင်းဖြစ်၏။ နောက်တစ်ချက်က သူတို့ သင်္ဘောတွင် ဝါယာလက်အသံဖမ်းစက် ပါလာသော်လည်း သူတို့ အဖွဲ့သည် အသံလွှင့်စက် ဝယ်ယူတပ်ဆင်နိုင်ခြင်း မရှိခဲ့ချေ။ မည်သို့ ဖြစ်စေ ဖော့က လန်ကျွန်းအရှေ့ဘက် သူရပ်နားရမည့် တောင်ဂျော်ဂျီယာ သို့ ဆိုက်ရောက်ရပ်နားနိုင်ခဲ့၏။

ဤသို့သော စူးစမ်းရှာဖွေရေးအဖွဲ့ အများစုနည်းတူ ဤအဖွဲ့တွင် လည်း လူပေါင်းစုံပါလာသည်။ အရာရှိတွေ၊ သိပ္ပံပညာရှင်တွေနှင့် သင်္ဘောသားတွေ။ စကော့၏အဖွဲ့များတွင် လူတန်းစားနှစ်မျိုးကို ရေတပ်မှာကဲ့သို့ တင်းတင်းကျပ်ကျပ် ခွဲခြားထားသည်။ သို့သော် ရှက်ကယ်လ်တန်၏ လက်အောက်တွင်တော့ လူတန်းစား နှစ်ရပ်ကို သိပ်တင်းတင်းကျပ်ကျပ် ခွဲခြားမထား။ အရာရှိတွေရော၊ အောက်လူတွေ ပါ ရင်းရင်းနှီးနှီး ဖက်လှဲတကင်း နေခွင့်ပြုထားသည်။

"ဒီတော့ ငါတို့အလုပ်လုပ်ရမယ်ဆိုတာ တွေ့လာတယ်" ရေတပ်

mgyoe.com

mgyoe.com

ဗိုလ်ကြီးသောမတ် အော်ဒီလီးစ်က သူ့နေ့စဉ်မှတ်တမ်းထဲတွင် ရေးမှတ်ထားသည်။ "သင်္ဘောရွက်လွှင့်နေချိန်မျိုးကျတော့ သင်္ဘောအမှုထမ်းလောက်နဲ့ လုံလောက်တာမဟုတ်ဘူး။ ဒီတော့ ရွက်လွှင့်နေတုန်း ရွက်တစ်ရွက်ကို ပြုပြင်ပေးဖို့ လိုအပ်လာပြီဆိုရင် ငါတို့ သိပ္ပံပညာရှင် ခြောက်ယောက်လည်း ထိုင်နေလို့မရဘူး။ ရွက်ကြိုးတွေဝင်ဆွဲရတာပဲ။ ကြိုးတွေဆွဲရတာ လက်ဝါးတွေကို စုတ်ပြတ်ကျိန်းစပ်နေတာပဲ။ ကြိုးတွေက မတရားမည်းတူး ညစ်ပတ်နေတာကလား။ ဒါပေမဲ့ လေ့ကျင့်ခန်းတော့ ကောင်းကောင်းရပါတယ်"

လီးစ်သည် ရှက်ကယ်လ်တန်၏ နှင်းလျှောစီးဘက်ဆိုင်ရာ ကျွမ်းကျင်သူဖြစ်သလို စက်တပ်စွတ်ဖားများ ကြီးကြပ်သူလည်း ဖြစ်၏။ သို့သော် သူတို့၏ စက်တပ်စွတ်ဖားများသည် အလုပ်မဖြစ်ခဲ့ပါချေ။

ဗျူနိုအေးရီးစ်ဆိပ်ကမ်းမှခွာလာပြီး ဆယ့်တစ်ရက်အကြာတွင် ဖွဲ့သည် တောင်ဂျော်ဂျီယာသို့ ရောက်သည်။ ထိုနေ့ကား နိုဝင်ဘာလ ၅ ရက်။ တောင်ဂျော်ဂျီယာသို့ သူတို့ရောက်သွားချိန်တွင် ပြင်းပြင်းထန်ထန် ကျရောက်နေသော နှင်းမုန်တိုင်းကြောင့် မတ်စောက်ပြီး မညီမညာ အချွန်အတက်တွေ ထွက်နေသည့် ကမ်းရိုးတန်းကိုပင် ထင်ထင်ရှားရှား မမြင်ရ။ ကျွန်းပေါ်မှာ နေထိုင်သည့် လူနည်းစုကလေးက သူတို့အဖွဲ့ကို လှိုက်လှဲပျူငှာကြိုဆိုသည်။ ၎င်းတို့ကား နော်ဝေလူမျိုး ဝေလငါးဖမ်းသမားတွေ။ ကျွန်းသူကျွန်းသားတွေ သာသာယာယာ အဆင်ပြေပြေနေနိုင်သည့် အဆင့်ကိုကြည့်ပြီး ဖွဲ့ အဖွဲ့သားတွေ တော်တော်အထင်ကြီးသွားသည်။ လူသားများနှင့် ဝေးလံပြတ်တောက်လှသည့် သည်လိုနေရာမျိုးတွင် သူတို့ထိန်းထားသည့် လူနေမှုအဆင့်သည် အထင်ကြီးစရာကောင်းလောက်၏။ ကျွန်းပေါ်တွင် လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေသည်။ ရေပူရေအေးရသည်။ ဂရစ်ဗစ်ကင် (Grytviken) စခန်း

mgyoe.com

mgyoe.com

မန်နေဂျာ၏ အိမ်ဆိုလျှင် တစ်အိမ်လုံး အပူငွေ့လွှတ်ထားသည်။ ထိုမျှ မကသေး၊ အိမ်ရှေ့ပြတင်းပေါက်များတွင် ကြွေပန်းများဖူးပွင့်နေသည်မှာ ဝေဝေဆာနေ၏။ သို့ဖြစ်သည့်တိုင် ထိုသို့သော စွဲမက်စရာလေးများက ဝေလငါးဖမ်းလုပ်ငန်း၏ ဆိုးရွားသောအနေအထားများကို မဖုံးအုပ်နိုင်ပါ။ ကျွန်းကလေး၏ သဘာဝဆိပ်ကမ်းများတွင် အဆီတဝင်းဝင်း ဖြစ်နေသည့် ဝေလငါးကလီစာတွေ တစ်ပုံတစ်ပင်။ ဝေလငါးသေများ အနံ့က ပုပ်ဟောင်နေ၏။ ပြီးတော့ ဂရစ်ဗစ်ကင်စခန်း၏ ရေတွေသည် နီရဲနေ၏။

ဝေလငါးဖမ်းသမားများက ဖွဲ အဖွဲ့အတွက် ကျောက်မီးသွေးနှင့် အဝတ်အထည်များကို အကြွေးရောင်းပေးသည်။ ထို့ပြင် အလွန်အဖိုးတန်သည့် သတင်းများလည်း ပေးသည်။ ရှက်ကယ်လ်တန် ဝင်ရောက်ဖြတ်ကျော်ဖို့ ပြင်ဆင်နေသည့် ပင်လယ်များအကြောင်းကို သည်ကျွန်းသားတွေလောက် ထဲထဲဝင်ဝင် သိသူဆိုလို့ ဤကမ္ဘာပေါ်မှာမရှိ။ သူတို့ပေးသည့်သတင်းများက ဗျူနိုအေးရီးစ်တွင် ရှက်ကယ်လ်တန်ကြားခဲ့ရသည့် သတင်းများမှန်ကြောင်း အတည်ပြုနေ၏။ ထိုနှစ်တွင် ရေခဲအခြေအနေမှာ ခါတိုင်းနှစ်များနှင့်မတူ တစ်မူထူးနေသည်။ ပင်လယ်ထဲမျောနေသည့် ရေခဲစိုင်ကြီးများသည် မြောက်ဘက်သို့တိုင် ရှည်လျားပြန့်ပြောနေသည်။ သည်လိုဖြစ်တာကို ကျွန်းသူကျွန်းသားတွေပင် မကြုံဖူးခဲ့ဟုဆိုသည်။ ထို့ကြောင့် တောင်ပိုင်း၏ နွေရာသီသို့ရောက်အောင် စောင့်ဆိုင်းဖို့ ရှက်ကယ်လ်တန်အား အကြံပေးကြသည်။ သို့ဖြင့် တောင်ဂျော်ဂျီယာတွင် ခဏတစ်ဖြုတ် စခန်းချဖို့ ဆုံးဖြတ်လိုက်သော ဖွဲ အဖွဲ့သည် ထိုကျွန်းပေါ်တွင် တစ်လတင်းတင်းပြည့်သွားသည်။

တောင်ဂျော်ဂျီယာတွင် နေထိုင်ရသည့် တစ်လတာကာလအတွင်း အဖွဲ့သားတွေ တော်တော်စည်းစည်းလုံးလုံး ဖြစ်သွားသည်။ တစ်ဦး

mgyoe.com

mgyoe.com

အကြောင်းတစ်ဦး ထဲထဲဝင်ဝင်သိလာသည်။ တစ်ဦးနှင့်တစ်ဦး ကျွမ်းဝင်ရင်းနှီးလာသည်။ မိမိဘာတွေလုပ်ရမည်။ မိမိတာဝန်ဘာတွေဆိုတာ သိလာယဉ်ပါးလာသည်။ ရင်သပ်ရှုမောစရာ ကောင်းလောက်သည့် အန္တာတိတ်ရှုမျှော်ခင်းများအလယ်တွင် ဒေသရင်းတိရစ္ဆာန်များကို တွေ့မြင်သိရှိလာသည်။ ဆင်ရေဖျံများ၊ ပင်ဂွင်းငှက်များနှင့် အခြားငှက်များကို နေ့စဉ်မြင်တွေ့နေရတော့ သူတို့၏ မဟာစွန့်စားခရီးရှည်ကြီးကို အမှန်တကယ် စတင်သွားနေပါပြီကောလားဆိုသည့် ခံစားချက်ကို အားလုံးခံစားကြရ၏။

ခွေးလေ့ကျင့်ရေးသမားများက ခွေးတွေကို မလှမ်းမကမ်းရှိ တောင်ကမူပေါ်သို့ခေါ်သွားသည်။ လေ့ကျင့်ပေးသည်။ ဝေလငါးကလီစာများ ခွေးတွေမစားမိအောင် ထိန်းရသည်။ နောက်ပြီး ဝေလငါးဖမ်းသမားအိုကြီးများ၏ သင်္ချိုင်းမြေပုံများကို ခွေးတွေမယက်အောင်၊ မတူးအောင်လည်း စောင့်ကြည့်ကြရသည်။ သိပ္ပံပညာရှင်များကတော့ နီးနားဝန်းကျင်ရှိ တောင်ကုန်းများပေါ် လျှောက်သွားသည်။ လေ့လာလို့မဆုံးလောက်အောင် အလျှံပယ်ပေါကြွယ်သည့် အရိုင်းတိရစ္ဆာန်များကို ကြည့်ရှုလေ့လာသည်။ နမူနာများစုဆောင်းသည်။

ဓာတ်ပုံဆရာ ဖရင့်ဟာလေက ကပ္ပတိန်ဝါစလေနှင့် ကြီးကြပ်ရေးမှူး လိုင်ယွန်နယ် ဂရင်းစထရိ (Lionel Greenstreet) တို့၏ အကူအညီဖြင့် ပေါင်လေးဆယ်အလေးချိန်စီးသည့် ကင်မရာကိရိယာများကို တောင်ကုန်းများပေါ် သယ်သွားသည်။ တောင်ကုန်းများပေါ်မှကြည့်လျှင် ဂရစ်ဗစ်ကင်ဆိပ်ကမ်းကို စီးမိုးမြင်နေရ၏။ ဆိပ်ကမ်းတွင် ကျောက်ချရပ် နားထားသည်မှာ ဇွဲ သင်္ဘောကလေး။ ရောမတောင်ကြီးတွေ ပတ်လည် ဝိုင်းနေသည့် မြင်ကွင်းထဲတွင် ဇွဲ ၏ အရိပ်က ရေးရေးပဲ ထင်နေသည်။ ထူးခြားသော ပင်ကိုစရိုက်ရှိသည့် လီးစ်က

mgyoe.com

ကုန်းပေါ်တက်ပြီး လျှောက် လည်ဖို့ အခွင့်အရေးကိုပဲ ချောင်းနေသည်။ သူက တောင်မြင့်ကြီးများထိပ် သို့ တစ်ကိုယ်တော် တက်ကြည့်လိုသူ။ ရှက်ကယ်လ်တန်ကလည်း သူ့ကို ထူးထူးခြားခြား တားမြစ်ထားသည်။ ပိတ်ပင်သည်။

သူတို့အဖွဲ့သားတော်တော်များများသည် အန္တာတိတ်အတွေ့အကြုံရှိပြီးသား သင်္ဘောသားများဟု ပြောလို့ရသည်။ ဖွဲ့ သင်္ဘောပေါ်တွင် လိုက်လာသူများအနက် ဖရင့်ဝိုင်းလ်ပြီးလျှင် ဒုတိယသင်္ဘောသားအရင့်ဆုံးသူသည် အဲလ်ဖရက် ချီသမ် (Alfred Cheetham) ဖြစ်၏။ ၁၉၀၂ ခုနှစ် စကော့၏ ဒစ်စ်ကာဗရီသင်္ဘောသို့ ကယ်ဆယ်ရေးသွားရောက်ခဲ့သည့် မောနင်း သင်္ဘောတွင် ပထမဦးဆုံးအကြိမ်၊ ရှက်ကယ်လ်တန်နှင့် အတူ နင်းရော့ သင်္ဘောတွင် ဒုတိယအကြိမ်၊ စကော့နှင့်အတူ တယ်ရာနိုဗာ (Terra Nova) တွင် နောက်တစ်ကြိမ်လိုက်ခဲ့သူဖြစ်၏။ ဝါရင့် ပင်လယ်ပျော်ကြီး ချီသမ်သည် ကိုယ်လုံးကိုယ်ဖန် ပိန်ပိန်သေးသေးနှင့် မြူးမြူးကြွကြွနေ တတ်သူ၊ ဘာမဆို လိုလိုလားလား လုပ်တတ်သူအဖြစ် နာမည်ကြီးသည်။

ဖရင့်ဟာလေသည်လည်း တောင်အရပ်သို့ ရောက်ခဲ့ဖူးသူပင်။ ဩစတြေးလျပြည်သား ထင်ရှားကျော်ကြားသော ဝင်ရိုးစွန်းစူးစမ်းရှာဖွေရေးသမား ဒေါက်တာ ဒေါက်ဂလပ် မော်ဆန် (Dr. Douglas Mawson)သည် အန္တာတိတ်ဒေသသို့သွားဖို့ စီစဉ်နေကြောင်း သတင်းကြားရသည့် ၁၉၁၁ ခုနှစ်တွင် ဟာလေ၏ အသက် ၂၆ နှစ်ရှိနေပြီ။ လေ့လာရေးအဖွဲ့ ဓာတ်ပုံဆရာအဖြစ် လိုက်ဖြစ်အောင် လိုက်မည်ဟု သန္နိဋ္ဌာန်ချထားသည့် ဟာလေက မော်ဆန်စီးလာသည့် မီးရထား သီးသန့်ခန်းသို့ ဝင်ခွင့်ရအောင် အကြံအဖန်လုပ်သည်။ မော်ဆန်နှင့် အဖွဲ့ကျအောင် လုပ်သည်။ ပြီးတော့ ရထားခရီးစဉ်တစ်လျှောက်လုံး

mgyoe.com

mgyoe.com

မော်ဆန်အား စည်းရုံးသည်။ သူ့အား ဓာတ်ပုံသမားအဖြစ်ခေါ်သွား အောင် သူ့ကိုယ်သူအစွံထုတ်သည်။ ရထားခရီးစဉ်ဆုံး၍ သူတို့လူချင်း ခွဲပြီး သုံးရက်အကြာတွင် သူ့အား လေ့လာရေးအဖွဲ့ ဓာတ်ပုံဆရာအဖြစ် လက်ခံကြောင်း အကြောင်းကြားစာ ရောက်လာတော့၏။ ဟာလေ၏ စည်းရုံးနိုင်အားနှင့် ကိုယ်စွမ်းကိုယ်စကို ဒေါက်တာမော်ဆန်က သဘော ကျအထင်ကြီးသွားသည်လေ။

မော်ဆန်၏ခရီးစဉ်အကြောင်း မှတ်တမ်းတင်ထားသည့် နှင်းမုန် တိုင်းများဒေသ ရုပ်ရှင်၏ အောင်မြင်မှုကလည်း ရှက်ကယ်လ်တန်၏ မှတ်တမ်းတင်ရုပ်ရှင်အဖွဲ့ကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့၏။ ဖွဲ့ သဘောပေါ် တွင် ဟာလေသည် 'အသည်းမာသူ' အဖြစ် သတင်းကြီးသည်။ သူ့စိတ် ကြိုက် ဓာတ်ပုံတစ်ပုံရိုက်ခွင့်ရမည်ဆိုလျှင် ဘယ်လောက်ဝေးဝေး သွားဖို့ အဆင်သင့်။ ဘယ်လိုဆင်းရဲဒုက္ခမျိုးကိုမဆို ဖွဲ့ခတ်ရင်ဆိုင်ဖို့ လိုလိုလား လား ရှိသူ။ သူ့ပညာနှင့်သူ့ဖွဲ့ကို အထင်ကြီးလေးစားကြသော်လည်း သူ့ကို အကြွင်းမဲ့ နှစ်သက်ခင်မင်ကြသည်တော့ မဟုတ်။ သူ့မှာ ထူးချွန် မှု အထိုက်အလျောက်ရှိသည်။ အလုပ်လည်း ကြိုးစားပမ်းစား လုပ်သည်။ သူက သူတော်ကြောင်းတတ်ကြောင်းကိုလည်း သူ့ကိုယ်သူ သိနေသည်။ သည်တော့ 'အောက်ခြေလွတ်' သည်။ အမြှောက်ကြိုက်သည်။ သူ့ကို 'လေလုံးထွားသူ' အဖြစ် သတ်မှတ်ကြသည်။ သူ့ကို ပေးထားသည့် နာမည်ပြောင်မှာ 'မင်းသားလေး' ဟူ၏။

သူတို့အဖွဲ့သားတွေထဲမှ ရှက်ကယ်လ်တန်အထင်ကြီးသူ နောက် တစ်ဦးမှာ ဂျော့မာစတန် (George Marston) ဆိုသူဖြစ်၏။ သူသည် ရှက်ကယ်လ်တန်နှင့်အတူ နှင်းရော့သဘော်ဖြင့် လိုက်ခဲ့ဖူး၏။ နင်းရော့ ခရီးစဉ်တုန်းက ရှက်ကယ်လ်တန်ညီမများ၏ သူငယ်ချင်း ဖြစ်သူ မာစတန်သည် ပန်းချီဆရာအဖြစ်လိုက်ခဲ့သည်။ စွတ်ဖားဖြင့် ခရီး

mgyoe.com

mgyoe.com


သုံးခေါက်ထွက်ဖူးသည်။ တစ်ခေါက်တွင် ရှက်ကယ်လ်တန်နှင့်အတူ တွဲထွက်ခဲ့ရသည်ဖြစ်ရာ ရှက်ကယ်လ်တန်က မာစတန်၏ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်တောင့်တင်းမှုကို အထင်ကြီးသဘောကျသွားသည်။ မာစတန်သည်လည်း ဟာလေကဲ့သို့ပင် ဘက်စုံထူးချွန်သူဖြစ်ရာ သူတို့သွားမည့် ခရီးမျိုးအတွက် အလွန်အသုံးတည့်သူတစ်ဦး ဖြစ်ပေမည်။

စကော့တစ်လူမျိုး သောမတ် မက်ကလောက် (Thomas Mcleod) ကတော့ ရေတပ်သားဟောင်းတစ်ဦး။ နောက်ပြီး အယူသီးသူ။ စကော့နှင့်အတူ တယ်ရာနိုဗာသင်္ဘောခရီးစဉ်တွင် လိုက်ခဲ့ပြီး ရှက်ကယ်လ်တန်နှင့်အတူ နင်းရော့သင်္ဘောခရီးစဉ်တွင် လိုက်ပါခဲ့၏။ သူ့အကြောင်းတော့ ဘယ်သူမျှ ဟုတ်တိပတ်တိမသိကြ။ အသက်ဆယ့်လေးနှစ်ကတည်းက အိမ်မှထွက်ပြေးပြီး သင်္ဘောသားလုပ်ခဲ့ရာ ရေကြောင်းအတွေ့အကြုံ ၂၇ နှစ်ရှိသည်ဆိုတာလောက်ပဲ သူ့အကြောင်း သိရသည်။

တွမ်ခရီးန် (Tom Crean) ဆိုသည့် အိုင်းရစ်လူမျိုးကတော့ အရပ်ရှည်ရှည်နှင့် အရိုးပေါ်အရေတင်ဟု ဆိုရလောက်အောင် ပိန်သည်။ ကယ်ရီစီရင်စု အစွန်အဖျားတွင်နေထိုင်သော လယ်သမားမိသားစုမှ ပေါက်ဖွားသည်။ ညီအစ်ကို မောင်နှမ စုစုပေါင်း ဆယ်ယောက်ရှိသည်။ သူက သူ့အသက် ဆယ့်ခြောက်နှစ်တွင် နှစ်နှစ်ပေါင်းထည့်ပြီး တော်ဝင်ရေတပ်တွင် ရေတပ်သားအဖြစ် အမှုထမ်းဖို့ လျှောက်ထားခဲ့သူ။ အိုင်းရစ်စကားနှင့် အင်္ဂလိပ်စကားကို လည်လည်ပတ်ပတ်ပြောနိုင်သည်။ ခရီးန်က သူ့ပညာရေးကို မူလတန်းအဆင့်တွင် အဆုံးသတ်ခဲ့ရသည့်အတွက် အမြဲတမ်းကြေကွဲပြီး နောင်တရနေသူ။ သူ့ကိုယ်သူ ထိုသို့သတ်မှတ်ပြီး သိမ်ငယ်စိတ်ဝင်နေသည့်အတွက် သူ ရာထူးကြီးကြီးမားမား မရခဲ့ခြင်း ဖြစ်မည်။ ဗွဲ သင်္ဘောပေါ်တွင် သူက ဒုတိယ ကြီးကြပ်ရေးမှူးဖြစ်၏။

mgyoe.com

mgyoe.com

သို့သော် ရာထူးအရမဟုတ်ဘဲ အသုံးတည့်မှုအတိုင်းအတာကို ရှက်ကယ်လ်တန်၏ စကားအတိုင်းပြောရလျှင် 'အရေးကြုံလျှင် အားထားရသူ' ဖြစ်၏။ သူက စကော့နှင့်အတူ တောင်ပိုင်းသို့ နှစ်ကြိမ်တိတိလိုက်ခဲ့ဖူးသူ။ ဒစ်စ်ကာဗရီနှင့် တစ်ကြိမ်၊ တယ်ရာနိုဗာ နှင့်တစ်ကြိမ်။ တယ်ရာနိုဗာ နှင့်လိုက်သည့်အခေါက်တွင် သူရသတ္တိပြည့်ဝမှုအတွက် Albert Medal ဆုရခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် စကော့နှင့်အတူ တောင်ဝင်ရိုးစွန်းသို့သွားဖို့ ဆန်ခါတင်အရွေးခံရသူ ဆယ့်ခြောက်ယောက် အဖွဲ့တွင် အရွေးခံရသူဖြစ်၏။

တာဝန်ပေးအပ်ဖို့ စကော့၏လူရွေးနည်းမှာ ဘယ်တော့မျှ ကြိုတင်ရွေးချယ်ထားလေ့မရှိ။ သို့ဖြစ်ရာ ဝင်ရိုးစွန်းသို့သွားသည့်အဖွဲ့ထဲတွင် မိမိပါဝင်မည်လား၊ နောက်ဆုံးအဆင့်ကျမှ ပြုတ်ကျန်ခဲ့မည်လားဆိုတာ ဘယ်သဘောသားမျှ ကြိုမသိကြ။ ၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင်တော့ ခရီးန်နှင့် အဖော်နှစ်ယောက်သည် အခြေစိုက်စခန်းသို့ ပြန်ရမည်ဖြစ်ကြောင်း အမိန့်ချသည်။ စားနပ်ရိက္ခာနှင့် ခရီးသွားကိရိယာတန်ဆာပလာများကို လေးယောက်နှစ်ဖွဲ့အတွက် ခွဲတမ်းချထားပြီးဖြစ်သော်လည်း စကော့က နောက်ဆုံးအချိန်ကပ်မှ ဝင်ရိုးစွန်းအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးထပ်တိုးလိုက်သည်။ နဂိုဖွဲ့ထားသည့် လေးယောက်တစ်ဖွဲ့တွင် တစ်ယောက်ထပ်တိုးလိုက်တော့ ဝင်ရိုးစွန်းအဖွဲ့တွင် ကျွေးရမည့်ပါးစပ်တစ်ပေါက်တိုးလာတော့၏။ စခန်းပြန်အဖွဲ့ကျတော့ လေးယောက်သယ်နိုင်လောက်အောင် ခွဲပေးထားသည့် ဝန်စည်စလယ်များကို သုံးယောက်တည်းဖြင့် သယ်ရတော့မည်။

အပြန်ခရီးတွင် သွေးအားနည်းရောဂါ ခံစားနေရသည့် လက်ဖတင်နင် အီဗန်း (Lieutenant Evans) သည် ဘယ်လိုမျှ တောင့်မခံနိုင်တော့။ အရုပ်ကြိုးပြတ်ဖြစ်သွားသည်။ သူ့အဖော်နှစ်ယောက်သည်

mgyoe.com

mgyoe.com

သူ့ကိုတွဲခေါ်၊ ဆွဲခေါ်ကြရသည်။ နောက်ဆုံး ခရီးန်ရော အဖော်ဖြစ်သူ ဝီလျံလက်ရှ်လီ (Willoam Lashly) ပါ ဗုန်းဗုန်းလဲတော့၏။ သူတို့ သုံးယောက်စလုံး ရေခဲပြင်ပေါ်တွင် အသေခံရမည့်ကိန်းဆိုက်နေပြီ။ စင်စစ် သူတို့ဘာသာမသိသော်လည်း သူတို့နှင့်အနီးဆုံး ကယ်ဆယ်ရေး စခန်းသည် သုံးဆယ့်ငါးမိုင်ပဲလိုတော့သည်။ မည်သို့ဖြစ်စေ ခရီးန်က အနီးဆုံး ကယ်ဆယ်ရေးစခန်းကို ရှာဖွေဖို့ တစ်ကိုယ်တည်း ထွက်ခဲ့၏။ ထိုအချိန်တွင် သူ့ကိုယ်ပေါ်၌ ဆောင်သွားနိုင်သည့် စားနပ်ရိက္ခာမှာ ဘီစကွတ်သုံးချပ်နှင့် ချော့ကလက်နှစ်တောင့်သာ ဖြစ်၏။

"ကယ်ဆယ်ရေးတဲကို ကျွန်တော်ရောက်သွားချိန်မှာ ကျွန်တော် ချည့်နဲ့နေပြီပေါ့ဗျာ" ဟု သူ့မိတ်ဆွေတစ်ဦးထံ ရေးသည့်စာထဲတွင် ခရီးန် ထည့်ရေးခဲ့၏။ သူကား စိတ်ရောကိုယ်ပါ မာကျောသူပါတည်း။ ထို ခရီးစဉ်မှာပင် သူနှင့် အဖော်နှစ်ဦးသည် တစ်စစီကွဲနေသည့် ပင်လယ် ရေခဲတုံးများပေါ်မှ မြင်းများဖြင့် ဖြတ်ကျော်သွားကြရသည်။ အခြေအနေ မှာ ခြေကုန်လက်ပန်းကျပြီး သေလုမတတ်ခံစားနေရသည်။ ညဘက် ညစာစားကြတော့ ဟင်းခတ်မှုန့်တစ်မျိုးကို ကိုကိုးမှုန့်အမှတ်ဖြင့် ဖျော် ထားသည့် အရည်တွေကို ခရီးန်က အားပါးတရ မော့သောက်လိုက်သည် ဆို၏။ သို့ပေမယ့် ခရီးန်က သည်အမှားလောက်ကိုမဖြို။ အမှတ်တရ ပြန်ပြောစရာ ဟာသတစ်ခုပင် ဖြစ်ခဲ့သေးသည်။ ထိုသို့ စိတ်ရောကိုယ်ပါ ဒေါင်ဒေါင်မြည်နေသည့် ခရီးသည်တစ်ယောက် ချုံးပွဲချငိုသည့် အချိန် တစ်ချိန်ရှိခဲ့၏။ သူတို့ တောင် ၈၇° သို့အရောက်၊ သူတို့၏ ခရီးပန်းတိုင် နှင့် မိုင် ၁၅၀ အကွာကျမှ ခရီးန်နှင့် သူ့အဖော်နှစ်ဦးသည် ဝင်ရိုးစွန်းအဖွဲ့ နှင့် ဆက်လိုက်ခွင့်မရကြောင်း၊ အခြေစိုက်စခန်းသို့ အခြားအဖော်နှစ် ယောက်နှင့်အတူ ပြန်ရမည်ဖြစ်ကြောင်း အမိန့်ချသည့်အချိန်။ ထိုအမိန့် ကို ကြားရသောအခါ ခရီးန်သည် ကလေးငယ်တစ်ဦးပမာ ရှိုက်ကြီးတငင်

mgyoe.com

mgyoe.com


ငိုခဲ့သည်ဆို၏။

ဖွဲ့ သင်္ဘောပေါ်ပါလာသည့် သင်္ဘောသားတော်တော်များများ သည် ရေကြောင်းအတွေ့အကြုံ ရှိပြီးသူတွေချည်းဖြစ်၏။ အများစုမှာ ငါးဖမ်းသင်္ဘောတွင် ပိုက်ဆွဲသူများ။ ငါးဖမ်းပိုက်ဆွဲသည့်အလုပ်မှာ စိတ်ကူးပုံဖော်ကြည့်လို့ရသလောက်ထဲတွင် အရက်စက်အကြမ်းကြုတ်ဆုံး အလုပ်အကိုင်တစ်ခုပါတည်း။ သူတို့သည် စာနာတတ်သူ၊ ထောက်ထားတတ်သူဟူ၍ ပြောလို့မရသူများ ဖြစ်၏။ သူတို့ထဲမှ တစ်ဦးဖြစ်သည့် ဂျွန်ဗင်းဆင့် (John Vincent) ဆိုလျှင် ရေတပ်သားဟောင်းဖြစ်ပြီး အိုက်စလန်ကျွန်း ကမ်းရိုးတန်းတွင် ငါးဖမ်းပိုက်ဆွဲခဲ့သူဖြစ်၏။ သူသည် ပြဿနာရှာတတ်သူ၊ ဗလအားကိုးဖြင့် အနိုင်ကျင့် ဗိုလ်ကျတတ်သူအဖြစ် နာမည်ကြီးသည်။

မီးထိုးသမားနှစ်ယောက်ထဲမှ တစ်ဦးဖြစ်သည့် ဝီလျံစတီဖင်ဆင် (William Stephenson) သည် တော်ဝင်ရေတပ်သားဟောင်းနှင့် အရာရှိ၏ အစေအပါးဟောင်းတစ်ဦးဖြစ်၏။ အားနက် ဟိုးလ်နက် (Ernest Holness) ကတော့ သင်္ဘောသားများထဲတွင် အငယ်ဆုံးဖြစ်ပြီး ယော့ရှိုင်းယားနယ်သားကလေးဖြစ်၏။ သူ့ကိုမူ 'အဖွဲ့အပေါ် သစ္စာအစောင့်သိဆုံး လူငယ်ကလေး' အဖြစ် အဖွဲ့သားအားလုံးက သတ်မှတ်ခဲ့ကြ၏။

ကျန်အဖွဲ့သားများက ထူးထူးခြားခြား နှစ်လိုခင်မင်သူ သင်္ဘောသား လေးယောက်တော့ရှိ၏။ တင်မသီ မက်ကာသီ (Timothy Mc Carthy) က ကုန်သွယ်ရေကြောင်းဘက်တွင် အမှုထမ်းခဲ့သည့် အိုင်းရစ်လူငယ်ကလေးဖြစ်၏။ သူက ဟာသဉာဏ်ရွှင်ပြီး စကားပြောရာတွင် သွက်လက်ချက်ချာသူတစ်ဦး။ လန်ဒန်မြို့သားကလေး ဝေါ်လ်တာ ဟောင်း (Walter How) က အန္တာတိတ်ဖြတ်ကျော်ရေးအဖွဲ့တွင် လိုက်ပါခွင့်ရဖို့ လျှောက်လွှာတင်ချိန်တွင် ပြည်ပမှပြန်ရောက်လာတာ

mgyoe.com

mgyoe.com


သီတင်းပတ်အနည်းငယ်ပဲ ရှိသေးသည်။ သူက အာတိတ်စက်ဝိုင်းသို့ သွားပြီး တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ကနေဒီယံ တိုင်းတာရေးအဖွဲ့တွင်လည်း လိုက်ပါခဲ့သူဖြစ်၏။ သူ့အတွေ့အကြုံကို ရှက်ကယ်လ်တန်က သဘောကျပုံရသည်။ သူ့ကို သင်္ဘောသားအဖြစ် ရွေးလိုက်သည်။ ဝီလျံဘိတ်ဝဲလ် (William Bakewell) ဆိုသူကတော့ ဗျူနိုအေးရီးစ်မှ တက်လာသူ။ သူက လယ်ကူလီ၊ သစ်ခုတ်သမား၊ မီးရထားလမ်းအလုပ်သမား၊ မွေးမြူရေးခြံ အကူအလုပ်သမား စသည့် အလုပ်များလုပ်ခဲ့သူ။ အသက် နှစ်ဆယ့်ခုနစ်နှစ်ရောက်မှ သင်္ဘောသား ဖြစ်လာသည်။ သူ အမှုထမ်းသည့် ဂိုးလ်ဒင်းဂိတ်သင်္ဘော သောင်တင် သွားတော့ သူနှင့်သူ့မိတ်ဆွေ ပါစီဘလက်ဘောရိုး (Perce Blackborrow) တို့သည် ဗျူနိုအေးရီးစ်ရှိ သင်္ဘောကျင်းများတွင် လှည့်ပတ် အလုပ်ရှာပြီး အင်္ဂလန်သို့ရောက်ရေး လမ်းစရှာရင်း ဧွဲ သင်္ဘောပေါ် ရောက်လာသည်။

ဧွဲ ကို နာမည်ကျော် စူးစမ်းရှာဖွေရေးသမား ဆာအားနက် ရှက် ကယ်လ်တန်ပိုင်ကြောင်း၊ သင်္ဘောသားတစ်ယောက်ရှာနေကြောင်း သိရ သည်နှင့် လူငယ်သင်္ဘောသားနှစ်ယောက် အလုပ်လျှောက်တော့၏။ ဘိတ်ဝဲလ်၏ အတွေ့အကြုံကို သဘောကျသည့်အတွက် သူ့ကို ရှက်ကယ်လ်တန်က ရွေးလိုက်သည်။ သို့ပေမယ့် ဘလက်ဘောရိုးကို တော့မရွေး။ လူပြည့်သွားပြီဟုသာ ပြောလိုက်၏။ ထိုအခါ ဘိတ်ဝဲလ် နှင့် ဟောင်းတို့၏ အကူအညီကိုယူပြီး ဘလက်ဘောရိုးသည် သင်္ဘော အဝတ်ဗီရိုထဲ ပုန်းနေသည်။ ဗျူနိုအေးရီးစ်မှ သင်္ဘောထွက်လာပြီး နောက်တစ်နေ့မှာပင် သူခိုးလူမိသွားတော့၏။ ထို့ကြောင့် သူ့ကို ရှက် ကယ်လ်တန်၏ ရှေ့မှောက်သို့ ဒယဉ့်တိုက် ဆွဲခေါ်သွားကြသည်။

ဘလက်ဘောရိုးသည် ဗိုက်ဟောင်းလောင်းဖြင့် ဆာလောင်

mgyoe.com

mgyoe.com

မွတ်သိပ်နေသည်။ ထိတ်လန့်ကြောက်ရွံ့နေသည်။ နောက်ပြီး လှိုင်းမူးနေသည်။ သူ့ကိုကြည့်ပြီး ရှက်ကယ်လ်တန်က ဆူပူကြိမ်းမောင်းသည်။ တဖျစ်တောက်တောက်ဖြင့် မြည်တွန်တောက်တီးသည်။ နောက်ဆုံးကျတော့ ရှက်ကယ်လ်တန်သည် ဘလက်ဘောရိုးအပေါ်သို့ ခါးကိုင်းကြည့်ပြီး "ဒီလိုခရီးစဉ်မျိုးဆိုတာ ဆာလောင်ငတ်မွတ်မှုနဲ့ မကြာမကြာ ကြုံရတတ် တယ်ဆိုတာ မင်းသိရဲ့လား။ နောက်ပြီး သင်္ဘောပေါ်မှာ ခိုးလိုက်လာသူ တစ်ယောက်ရှိနေလို့ ဖမ်းမိရင် ငါတို့ ဆာလောင်ငတ်မွတ်လာတဲ့အခါ ပထမဦးဆုံး သတ်စားတာ အဲဒီငနဲမျိုးပဲကွ သိလား" ဟု ကြိမ်းသည်။ သူ့ ကြိမ်းမောင်းချက်ကို မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်လိုက်သောအခါ ဘလက်ဘောရိုးကို တရားဝင်လက်ခံလိုက်ပြီဆိုသည့်သဘော။ သူ့ကို တစ်လလျှင် သုံးပေါင်ဖြင့် မီးဖိုခန်းအကူအဖြစ် ငှားလိုက်ကြ၏။ နောက်တော့ နှုတ်နည်းပြီး အသိစိတ်အပြည့်ရှိသည့် ဘလက်ဘောရိုးကို ရှက်ကယ်လ်တန်က အခြားသင်္ဘောသားများ နည်းတူ နေရာပေးပြီး ဆက်ဆံခဲ့လေသည်။

သူတို့အဖွဲ့နှင့်လိုက်ပါလာသည့် အသက်အကြီးဆုံးအဖွဲ့သား သည် ဟင်နရီမက်နစ်ရှ် (Henry Mc Nish) ဆိုသူဖြစ်၏။ သူက လက်သမားဆရာ။ သင်္ဘောလက်သမားဆရာများကို ရိုးရာစဉ်ဆက် 'ချစ်ပီ' ဟု နာမည်ပြောင်ပေးလေ့ရှိသည့်အတိုင်း သူ့ကိုလည်း ချစ် (Chips) ဟု ခေါ်ကြသည်။ စကားကို တုတ်ထိုးအိုးပေါက် ပြောတတ်သည့် ရေလုပ်သားဟောင်းကြီး 'ချစ်' ကို ရှက်ကယ်လ်တန်က ကနဦး ပိုင်းကတည်းက သိပ်သဘောမတွေ့လှ။ အရေးထဲ ချစ်ပီကြီးက သူ့ ကြောင်တစ်ကောင်ကိုပင် သင်္ဘောပေါ်သို့ ခေါ်လာလိုက်သေးသည်။

သင်္ဘောပေါ်တွင် ရှက်ကယ်လ်တန်အပြင် ကျန်အဖွဲ့သားစုစုပေါင်း နှစ်ဆယ့်ခုနစ်ယောက်ရှိသည်။ သူတို့၏ ရည်မှန်းချက်ပန်းတိုင်

mgyoe.com

mgyoe.com


သို့ရောက်ဖို့ သူတို့သွားရမည့်ခရီး၊ သူတို့ကြုံရမည့် အခက်အခဲများနှင့် နှိုင်းစာလျှင် သူတို့အဖွဲ့သည် မြင်းမိုရ်တောင်နှင့် ဆီးစေ့လိုဖြစ်နေ၏။ သူတို့အနေဖြင့် တောင်ဝင်ရိုးစွန်း အန္တာတိတ်ဒေသသို့ ရောက်အောင် သွားဖို့ ရေခဲစိုင်ကြီးတွေ ပြန့်ကျဲနေသည့် ပင်လယ်သမုဒ္ဒရာခရီးကို မိုင် ပေါင်း တစ်ထောင်လောက် ဖြတ်ကျော်ကြရမည်။ တကယ်တော့ သူတို့ အဖွဲ့သည် ခါချဉ်ကောင်မာန်ကြီးကြီး တောင်ကြီးကိုဖြိုဖို့ ကြိုးစားနေသည့် နှယ်ပါတကား။

သည်တော့ တစ်ရေတည်းသောက်ပြီး တစ်ခရီးတည်းအတူသွား နေသည့် သေဖော်ရှင်ဖက်ရောင်းရင်းများ အချင်းချင်း ဂရုစိုက်ကြသည်။ ကူညီကြသည်။ တစ်ယောက်အကြောင်း တစ်ယောက် လေ့လာကြ သည်။ တစ်ယောက်၏ခလေ့စရိုက်ကို တစ်ယောက် အနီးကပ်အကဲခတ် ကြသည်။ ထိုသို့ အကဲခတ်အလေ့လာခံရသည့်အထဲတွင် ရှက်ကယ်လ် တန်ကို အဖွဲ့ခေါင်းဆောင်မို့ဆိုပြီး ခြွင်းချန်ထားခြင်း မပြုကြ။

"တော်တော်ထူးခြားတဲ့လူပဲ။ သူ့စိတ်နေစိတ်ထားကို အကဲခတ်ရ မလွယ်ဘူး။ ဒီတော့ သူ့ကို ကျွန်တော်သဘောကျလား၊ သဘောမကျဘူး လားဆိုတာ ပြောရခက်တယ်"

ဦးစီးအရာရှိ ဂရင်းစထရိက သူ့ဖခင်ထံရေးသည့်စာထဲတွင် ထိုသို့ ရေးထားသည်။ ဗျူနိုအေးရီးစ်မြို့သို့ ရောက်လာချိန်တွင် ရှက်ကယ်လ် တန်သည် တစ်နည်းတစ်ဖုံအားဖြင့် မအီမသာဖြစ်နေသည်။ တောင်ကျော် ဂျီယာမှာတုန်းကလည်း သူ့စိတ်အခြေအနေသည် အတက်ကြွဆုံးအနေ အထားတွင် မရှိခဲ့ချေ။ သူနှင့်အတူ ခြေကျင်ခရီးတိုတစ်ခု အတူသွားခဲ့ သည့် ဝါဒီက သူ့အမြင်ကို ရေးသားခဲ့သည်မှာ 'ချောင်းအရမ်းဆိုးပြီး စိတ်အနှောင့်အယှက်ဖြစ်နေတယ်။ သူ လမ်းလျှောက်ပုံကြည့်ရတာ တော် တော်ပင်ပန်းနွမ်းနယ်နေပုံပဲ' ဟူ၏။

mgyoe.com

mgyoe.com


တကယ်တော့ ရှက်ကယ်လ်တန်တွင် ပူပန်သောကရောက်စရာတွေ တစ်ပုံကြီး။ သူနှင့်တွေ့နေရသူတွေ သိသလောက် မိသလောက် ကာလအတွင်း အဆိုးရွားဆုံး ရေခဲအခြေအနေသည် နည်းနည်းကလေးမျှ တိုးတက်မလာ။ ဝေလငါးဖမ်းသမားတချို့က နောက်တစ်ရာသီသို့ အပြောင်းတွင်မှ ခရီးစထွက်ဖို့ ရှက်ကယ်လ်တန်အား အကြံပေးကြသည်။ သို့သော် ထိုသို့ရွှေ့ဆိုင်းရမည်ဆိုလျှင် သူ၏လေ့လာရေး ခရီးစဉ်ကြီးတစ်ခုလုံး ဖျက်ပစ်လိုက်သည်နှင့်မခြား ဖြစ်ပေမည်။ သူ့နောက်မှာ ကမ္ဘာနှင့်ချီသည့် စစ်ပွဲကြီးရှိနေသည်။ နောက်ပြီး ငွေရေးကြေးရေး ပြဿနာတွေက တစ်ပုံတစ်ပင်ကြီး။

ဇွဲ သင်္ဘောသည် ၁၉၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဂရစ်ဗစ်ကင်မှ ထွက်ခွာခဲ့၏။ သင်္ဘောပေါ်တွင် စားနပ်ရိက္ခာအသစ်တွေ ဖြည့်တင်းထားသည်။ နောက်ထပ်ဖြည့်တင်းသည့် စားနပ်ရိက္ခာများထဲတွင် အရှင်လတ်လတ် ဝက်နှစ်ကောင်လည်း ပါဝင်သည်။ သင်္ဘောသားတွေအားလုံး ကောင်းကောင်းအနားယူထားကြပြီးဖြစ်ရာ ခရီးထွက်ဖို့ စိတ်အားထက်သန်နေကြသည်။ တောင်ဂျော်ဂျီယာ၏ တောင်တန်းများကို ညနေ နေဝင်ဆည်းဆာချိန်ထိ တွေ့မြင်နေရသည်။ ဇွဲ သည် တောင်အရပ်သို့ အရှေ့တောင်လမ်းကြောင်းမှ လိုက်လာသည်။ နောက်တစ်နေ့ နံနက်စောစောပိုင်းအထိ သင်္ဘောကလေးသည် ရေခဲမျောတုံးကြီးပေါင်း မြောက်မြားစွာကို ဖြတ်ကျော်ခဲ့၏။ ဒီဇင်ဘာ ၇ ရက်နေ့တွင်တော့ ပင်လယ်ရေခဲစိုင်ကြီး၏ အစွန်အဖျားနှင့် စတင်ထိတွေ့တော့၏။

ဝက်ဒဲလ်ပင်လယ်သည် သင်္ဘောများ ဘေးအန္တရာယ်ပြွမ်းသည့် လမ်းကြောင်းများကို အထူးတလည် စီစဉ်ဖန်တီးထားသည်သို့ရှိ၏။ ၎င်းပင်လယ်ကြီးသည် မြေခါးပတ်သုံးပတ်ကြားထဲတွင် စီးဆင်းနေ၏။ အရှေ့ဘက်တွင် တောင်ဆင်းဝစ်ချ်ကျွန်းစုတန်းကြီး ရှိသည်။ နောက်ပြီး

mgyoe.com

mgyoe.com


အန္တာတိတ်တိုက်စစ်စစ်ဟု ခေါ်လိုရသည့် ကုန်းမြေကြီးရှိသည်။ အနောက်ဘက်မှာတော့ ပါလ်မာကျွန်းဆွယ်၏ အစွန်းရှည်ကြီးထိုးထွက်နေသည်။ အကြမ်းဖျင်းအားဖြင့် စက်ဝိုင်းပုံစံ ခပ်ဝိုင်းဝိုင်းဖြစ်နေသည့် ပင်လယ်ရေစီးကြောင်းသည် ဖြည်းဖြည်းမှန်မှန် လက်ယာရစ်စီးနေ၏။ ရာသီမရွေးဖြစ်ပေါ်နေသည်မှာ ပင်လယ်ရေခဲတွေ။ ထိုရေခဲတွေက ကွဲကြေပြီး မြောက်ပိုင်းရေပြင်တွေထဲသို့ စီးဝင်သွားသည်ဟူ၍ ဘယ်တော့မှ မရှိ။ ထိုသို့ဖြစ်မည့်အစား ရေခဲတုံးကြီးများအဖြစ် မဆုံးနိုင်လောက်အောင် တလိပ်လိပ်ကြွထ စီးမျောသွားကြသည်။ နောက်ဆုံးတွင်မှ ပါလ်မာကျွန်းဆွယ်တစ်ဝိုက်တွင် ရေခဲစိုင်ကြီးများ ဖြစ်ကုန်တော့၏။

ဖွဲ့ ခရီးစခဲ့သည်မှာ တစ်လခွဲရှိပြီ။ ယခုအချိန်ထိတော့ ချောချောမောမောပင်။ သတိဝီရိယကြီးစွာ ခုတ်မောင်းရသော တောင်ပိုင်းခရီး။ လျော့ရဲရဲဖြစ်နေသေးသည့် ရေခဲမျောတုံးပြင်ကြီးများနှင့် ရေခဲစိုင်ကြီးများကို ကွေ့ပတ်ရှောင်တိမ်းသွားရသည်။ တစ်ခါတစ်ခါကျတော့လည်း ထိုအရာကြီးများကို ဝင်တိုက်ပြီး ထိုးခွဲကျော်ဖြတ်ရသည်။ သူအသုံးပြုနေသည့် နည်းဗျူဟာသည် ထိုအချိန်အထိသာ အသုံးတည့်သည်။ မကြာမီအတွင်း ဧရာမရေခဲစိုင်ကြီးကို ထိုးဖောက်ရမည့်အရေး ကြုံလာတော့၏။

တောင်ပိုင်းသို့ ခရီးဆက်ခဲ့သည့် ဖွဲ့ သည် နှင်းဖုံးသောရေခဲပြင်များနှင့်တိုးသည်။ ၁၅၀ စတုရန်းမိုင်အထိ ကျယ်ပြန့်သည့် ရေခဲမျောတုံးပြင်ကြီးများနှင့် တွေ့သည်။

"သင်္ဘောကလေးကို မြို့တံခါးဆောင့်ဖွင့်တဲ့ သစ်လုံးလို ငါတို့အသုံးချနေခဲ့တာ တစ်နေ့လုံးပဲ" ဟု ဟာလေက ဒီဇင်ဘာလလယ် နေ့စဉ်မှတ်တမ်းထဲ ရေးမှတ်ခဲ့၏။ "ရေခဲတွေနဲ့ ထိပ်တိုက်တိုးတဲ့အခါ သင်္ဘောကလေး ရပ်သွားတယ်။ ရှေ့တိုးမရ နောက်ဆုတ်မရ။ နောက်ပြီး သင်္ဘောတစ်စင်းလုံး တသိမ့်သိမ့်တုန်နေတော့တယ်။ အဲဒီနောက် ချက်ချင်းလိုပဲ

mgyoe.com

mgyoe.com

သင်္ဘောဦးပိုင်းရှိ ရေခဲပြင်ကြီးမှာ အက်ကြောင်းတွေ ထင်လာတယ်။ အဲဒီ အက်ကြောင်းအတိုင်း ငါတို့ အတင်းတိုးဝင်တော့တာပဲ။ ငါတို့ရဲ့ သင်္ဘောကလေးက ငါတို့ရဲ့ ဘုံရန်သူရေခဲပြင်ကြီးကို တိုက်ခိုက် ဖြိုခွဲရတာ ကြည်နူးကျေနပ်နေပုံပဲ။ ငါတို့ကတော့ ကြံ့ခိုင်တောင့်တင်းလှတဲ့ ဒီသင်္ဘောကလေးကို သဘောအကျကြီးကျနေကြတယ်လေ"

မြူနှင်းတွေ ထူထပ်သိပ်သည်းစွာ ကျသည့်နေ့များသည် ကြည်လင်သော နေခြည်ဖျန်းသည့်နေ့များအဖြစ် အသွင်ပြောင်းလာသည်။ ညတာရှည်လွန်းသည့် တောင်ဝင်ရိုးစွန်း၏ နွေညများတွင် ပြိုကွဲစီးမျောလာသည့် ရေခဲစိုင်ကြီးများသည် ပြာလဲ့သော ရေပြင်တွင် ပေါလောပေါ်နေသည့် ဧရာမနှင်းပန်းပွင့်ကြီးများနှင့်ပင် တူနေသေးတော့၏။ သင်္ဘောပေါ်မှ လှမ်းမြင်နေရသည်မှာ ရေခဲပြင်ပေါ်တွင် နေစာလှုံနေသည့် ကဏန်းစားပင်လယ်ရေဖျံကြီးများ။ နောက်ပြီး သင်္ဘောပေါ်မှ ပရိသတ်တွေ စိတ်ပျော်ရွှင်ကြည်နူးအောင် အမြဲဖျော်ဖြေနေသည်ကတော့ ခေါင်းဝါကျားပင်ဂွင်းငှက်များ။ ဦးခေါင်း၏ ဘယ်ဘက်နှင့် ညာဘက်တွင် အဝါတန်းကြီးများ ကျားထားသည့် ပင်ဂွင်းငှက်ကြီးသည် မထင်မှတ်ဘဲ ရေခဲတုံးအပြင်ကြီးပေါ် တက်လာသည်။ ပြီးတော့ တအိအိ ရွေ့မျောသွားသည့် ဇွဲ သင်္ဘောနောက်သို့ ကွတကွတဖြင့် ပြေးလိုက်တတ်သည်။ ရေပြင်ကျယ်ကြီးများသည် တဖြည်းဖြည်း သေးငယ်သည်ထက် သေးငယ်လာသည်။ နောက်တော့ လမ်းကြောင်းတွေ ရေလက်ကြားတွေ ကွက်တိကွက်ကြားပေါ်နေသည့် နှင်းခဲပြင်ကျယ်ကြီးနှင့် တူနေတော့၏။

ခရစ္စမတ်ပွဲတော်နေ့ကို ခမ်းခမ်းနားနား ပြင်ဆင်ကျင်းပကြသည်။ ရောင်စုံအလံတွေ ချိတ်ဆွဲထားသည်။ စားပွဲတွေ ကျကျနန ခင်းထားသည်။ အဆာသွတ်မုန့်များနှင့် ခရစ္စမတ်ပူတင်းတွေ ဖုတ်ထားသည်။ ညဘက်ကျတော့ ခရစ္စမတ်သီချင်းများ သံပြိုင်သီကျူးကြသည်။

mgyoe.com

mgyoe.com


ခမ်းနားထည်ဝါလှသော နေဝင်ဆည်းဆာရှုခင်းများကို သဘော်ာလက်ရန်းများမှီပြီး ငေးမောကာ ကြည်နူးပီတိဖြစ်ရသည်။ ၁၉၁၄ ခုနှစ်၏ အဆုံးသတ်နေ့ နံနက်ပိုင်းတွင်တော့ ကျပ်ခဲသော ရေခဲပြင်ကြီးကို ခဲရာခဲဆစ်ဖြတ်ကျော်ကြရသည်။ ပြီးမှ အန္တာတိတ်စက်ဝိုင်းကို ဖွဲ စတင်ဖြတ်သန်းတော့၏။ ငြိမ်သက်သော ရေပြင်ပေါ်တွင် ရောင်ပြန်ဟပ်နေသည့် နေဝင်ဆည်းဆာအလင်းရောင်ထဲတွင် ဖွဲ သဘော်ာကလေး ခုတ်မောင်းနေသည်မှာ အိပ်မက်ထဲက မြင်ကွင်းတစ်ခုပမာ စိတ်ကူးယဉ်ဆန်လှ၏။

တစ်နေ့တာကုန်ဆုံး၍ ပင်ပန်းနွမ်းနယ်စွာ အနားယူမှေးစက်နေပြီဖြစ်သော ဖွဲ အဖွဲ့သားအားလုံး ပြုံးတူးကြောင်တောင် လန့်နိုးအောင်နှစ်သစ်ကူး သီချင်းကို ၁၉၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ညတွင်သံသေးသံကြောင်ဖြင့် အော်ဟစ်သီဆိုလိုက်သည်ကတော့ စကော့လူမျိုးအုပ်စုဖြစ်၏။ ‘လေးစားထိုက်သော အဖွဲ့သားများ’ မျက်လုံးကျယ်သွားအောင် နှောင့်ယှက်လိုက်သည့် စကော့လူမျိုးအုပ်စုအကြောင်း လီးစ်ကကျွဲမြီးတိုစွာ မှတ်တမ်းတင်ခဲ့သည်မှာ

“စကော့လူမျိုးတွေဟာ နှစ်သစ်ကူးမှာ စိတ်ကြိုက်ငြင်စရာအမြဲလုပ်တဲ့ငနဲတွေပဲ။ နောက်ပြီး သူတို့အသံတွေက ငှက်ဆိုးထိုးသံမျိုးတွေ”

ထိုအချိန်တွင် ရှက်ကယ်လ်တန်၊ ဝိုင်းလ်၊ ဝါစလေနှင့် ဟာဒ်ဆန် (Hudson) တို့က မာလိန်ခန်းထဲမှနေပြီး အဖွဲ့သားအားလုံးကိုတစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်ကာ မင်္ဂလာရှိသောနှစ်သစ်အတွက်ဆုတောင်းမေတ္တာပို့သကြလေသည်။

ယခုတော့ ရာသီဥတုက အမြဲလို မှုန်မှိုင်းအုံ့ဆိုင်းနေလေ့ရှိသည်။ ဖွဲ သည် ပိုမိုများပြားသော ရေခဲမျောတုံးကြီးများနှင့် ရင်ဆိုင်ရသည်။ ရေမျက်နှာပြင်ပေါ်တွင်ပေါ်နေသည့် ဧရာမရေခဲမျောတုံးကြီးများသည် စိတ်ကူးလို့ပင် မရလောက်အောင် ဆန်းကြယ်သည့် ဖြူပြာရောင်

mgyoe.com

mgyoe.com

ကျောက်ရုပ်ကြီးများနှင့်ပင် တူနေတော့၏။ ၎င်းရေခဲတောင်ကြီးများအောက်ရှိ ရေပြင်က စိမ်းပြာရောင်သန်းနေသည်။ ယခုလောလောဆယ်တွင် စူးစမ်းရှာဖွေရေးအဖွဲ့သည် ထူးထူးထွေထွေ ဘာမျှအလုပ်မရှိ။ သင်္ဘောပေါ်တွင် လုပ်စရာရှိသည့် တောက်တိုမည်ရကိစ္စတွေပဲ လုပ်နေကြရသည်။ လီးစ်က သူ့ခြေစွပ်တွေ ဖာထေးသည်။ အဝတ်အစားတွေ လျှော်ဖွပ်သည်။ ဖာထေးသည်။ ဟာလေက သန်းခေါင်ယံနေ၏ အလင်းရောင်ဖြင့် ဓာတ်ပုံတွေရိုက်သည်။ ဇီဝဗေဒပညာရှင် ရောဘတ်ကလတ် (Robert Clark)က ဝက်ဒဲလ်ပင်လယ်ထဲတွင် တွေ့ရမြင်ရသည့် ပိုးမွှားတိရစ္ဆာန်ကလေးများကို အဏုကြည့်မှန်ပြောင်းဖြင့် လေ့လာသည်။ ဇန်နဝါရီ ၆ ရက်နေ့တွင်တော့ ခွေးများကို ပထမဦးဆုံးအကြိမ်အဖြစ် အဆင်ပြေရာ ရေခဲမျောတုံးပြင်ကြီးပေါ် လေ့ကျင့်ရေးလုပ်ဖို့ ခေါ်သွားသည်။ လွန်ခဲ့သည့်တစ်လ၊ တောင်ဂျော်ဂျီယာမှ ထွက်ခွာလာကတည်းက ခွေးတွေအဦးဆုံး ခြေဆန့်လက်ဆန့်သွားရခြင်း။ ခွေးတွေက သူတို့၏ 'အကျင့်ဆိုး' အတိုင်း ရောက်လေရာတွင် ကြမ်းပြင်ကို ခြေတွေလက်တွေဖြင့် ယက်သည်။ ကုတ်ခြစ်သည်။ သည်တော့ ပါးလျားစပြုနေသော ရေခဲပြင်ထဲကျွံကျပြီး ရေထဲအထိ ဒုတ်ဒုတ်ထိရောက်ကုန်တော့၏။

ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တွင် ရေခဲအနေအထားများကြောင့် ဖွဲ သည် ရေခဲစိုင်ကြီးကိုဖြတ်ပြီး နောက်ပြန်ဆုတ်ရတော့၏။ ပို၍ အခြေအနေကောင်းသောလမ်းကြောင်း တွေ့လိုတွေ့ငြားရှာဖွေခြင်း။ ဇန်နဝါရီ ၁၀ ရက်၊ တောင် ၇၂ အရောက်တွင်တော့ အရေးပါအရာရောက်သော သမိုင်းမှတ်တိုင်တစ်တိုင်ကို စိုက်ထူနိုင်ခဲ့လေသည်။ ဖွဲ သင်္ဘောကလေးသည် ကုတ်လင်း (Coats Land)ကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။ ပြီးတော့ ပေ ၁၀၀ မြင့်သည့် ဧရာမရေခဲနံရံကြီးအနီးသို့ ရောက်သွားသည်။ ခုတော့ ဖွဲ သည် သွားလမ်းသာသည့်နေရာသို့ ရောက်နေပြီ။

mgyoe.com

mgyoe.com

ဗာဆဲလ်အငူ (Vahsel Bay) သို့ရောက်ဖို့ သီတင်းတစ်ပတ်မျှ ဆက်လက်ခုတ်မောင်းရမည်။ လာမည့်ဆောင်းရာသီတွင် တောင်ဂျော်ဂျီယာ၊ သို့မဟုတ် ဗျူနိုအေးရီးစ်တွင် ပြန်နားနိုင်မည်ဟု အဖွဲ့သားအားလုံးက မျှော်မှန်းထား၏။ သည်တော့ ကမ်းပေါ်မှာနားမည့် အဖွဲ့သားများသည် သူတို့အိမ်များသို့ စာတွေရေးပြီး အလုပ်ရှုပ်နေကြသည်။ သို့မှ သူတို့ရေးထားသည့် စာများကို ပြန်သွားမည့်သင်္ဘောနှင့်ထည့်ပေးလိုက်နိုင်မည် မဟုတ်လား။

အဖွဲ့သားများသည် သင်္ဘောပေါ်တွင် နံနက်စောစောစာအဖြစ် ကွေကာအုတ်၊ ရေဖျုံအသည်းနှင့် ဝက်သားဆားနယ်ခြောက်တို့ကို လွေးရင်း ဇန်နဝါရီ ၁၁ ရက်နေ့ကို ဖွင့်လိုက်ကြ၏။ သို့ပေမယ့် ရာသီဥတုအခြေအနေက ဆိုးသည်။ ဖွဲ့ သည် ရေခဲမျောတုံးပြင်ကြီးတစ်ခုနှင့် အတူ မျှောလိုက်နေရသည်။ လက်သမားဆရာ မက်နစ်ရှိက သင်္ဘောခရီးတစ်ထောက်နားချိန်တွင် 'ဆရာကြီး' အတွက် အံဆင့်ဗီရိုအသေးစားကလေးတစ်ခု လုပ်ပေးသည်။

ရှက်ကယ်လ်တန်ကိုယ်တိုင်ကတော့ 'ခြေမသယ်နိုင် လက်မသယ်နိုင်' လောက်အောင်ပင် ပင်ပန်းနွမ်းနယ်နေ၏။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ကောင်းကောင်းမအိပ်ခဲ့ရ။ တောင်ဂျော်ဂျီယာမှ တင်လာခဲ့သည့် ဝက်ကြီးနှစ်ကောင်က ဝတုတ်ဆူဖြိုးနေပြီ။ နောက်ပြီး ခွေးတွေထဲတွင် 'ဆယ်လီ' ဆိုသည့် ခွေးမက ခွေးကလေးသုံးကောင်မွေးသည်။ ခပ်ကြမ်းကြမ်း နေတတ်ထိုင်တတ်သော တွမ်ခရီးန်က 'ဆေးရုံအကူအလုပ်သမား' တစ်ဦးပမာ ခွေးပေါက်စလေးသုံးကောင်နှင့် အလုပ်ရှုပ်နေတော့၏။ ပါးစပ်ကလည်း တဖျစ်တောက်တောက် ပြောဆိုရေရွတ်သည်။ ကိုယ့်ဘာသာကိုယ် မနေနိုင်မထိုင်နိုင် အလုပ်ရှုပ်နေသည့်သူ့ကို အခြားသူများက ဝိုင်းကြည့်ပြီး ပြုံးကြရသည်။ အူမြူးကြရသည်။ သူတို့

mgyoe.com

အဖွဲ့သည် ပဲနီလေးစွပ်ပြုတ်ပျစ်ပျစ်၊ ရေဖျံသားပြုတ်ချက်၊ သံဘူးပဲစေ့များ၊ ကြက်ဥနို့ပေါင်းတို့နှင့် ညစာစားပြီး ဇန်နဝါရီ ၁၁ ရက်ကို ပိတ်လိုက်ကြ၏။

ဇန်နဝါရီ ၁၂ ရက်နေ့သည် မြူမှုန်များနှင်းများဖြင့် အရုဏ်တက်လာသည်။ သို့ပေမယ့် သာယာသောနေ့တစ်နေ့ပါ။ သဆော်နောက်ဘက်မှာ ချထားသည့်ပိုက်ထဲ ပါလာသော စိတ်ဝင်စားဖွယ် ပိုးမွှားနမူနာများကို ကလပ်က ထုပ်ပိုးသိမ်းဆည်းသည်။ ညနေစောင်းလာတော့ အနီးအနားရှိ ရေခဲမျောတုံးပြင်ကြီးပေါ်တွင် နုနယ်ငယ်ရွယ်သော အင်ပါယာပင်ဂွင်ငှက်တစ်အုပ်ကို တွေ့ကြရသည်။ (အင်ပါယာပင်ဂွင်းငှက်ဆိုသည်မှာ ဦးခေါင်းတစ်ဖက်တစ်ချက်တွင် အဝါကွက်ပါသည့် ပင်ဂွင်းငှက် အကြီးစားများ ဖြစ်ပါသည်။ မြန်မာပြန်သူ။) ယခုအခါ ရေနွေးငွေ့စက်အားဖြင့်မောင်းနေသော ဖွဲ့သည် ရေခဲစိုင်တုံးကြီးကို ဖောက်ထွက်ပြီး ရေပြင်ကျယ်သို့ ရောက်သည်။ ပြီးတော့ ပင်လယ်အော်ထဲသို့ ဝင်သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ထုထည်ကြီးမားလှသည့် ရေခဲစိုင်တစ်တုံးကို ကွေ့ပတ်သွားနေရသည်မှာ တစ်ညလုံး အချိန်ကုန်သွားသည်။ ဖွဲ့သည် ရေခဲမျောတုံးပြင်ကြီးထဲရောက်သွားပြီး နောက်တစ်ကြိမ် မျှောလိုက်နေရပြန်၏။ ရေခဲမျောတုံးပြင်ကြီးတွင် အက်ရာလည်းမမြင်။ ထွက်ပေါက်လည်းမရှိ။ နှစ်နာရီကြာအောင် ထွက်ပေါက်ကိုကြိုးစားရှာသည်။ မတွေ့။ သည်တော့ ရေနွေးငွေ့ဘွိုင်လာအိုးမီးဖိုတွင် ထင်းတွေထပ်ဖြည့်ပြီး မီးဖိုထားလိုက်သည်။ နောက်နေ့ ဇန်နဝါရီ ၁၄ ရက်ရောက်သည့်တိုင် သဆော်သည် ရေခဲများအလယ်တွင် ညှပ်ပူးညှပ် ပိတ်မိနေဆဲ။ ရှေ့တိုးလို့လည်းမရ၊ နောက်ဆုတ်လို့လည်းမရ။ သို့ဖြစ်သော်လည်း ရာသီဥတုက မကြုံစဖူး ထူးထူးကဲကဲ သာယာနေ၏။ တောင်ဂျော်ဂျီယာမှ ထွက်လာပြီးနောက်ပိုင်း ရာသီဥတုအသာယာဆုံးနေ့တစ်နေ့ ဖြစ်နေ၏။

mgyoe.com

mgyoe.com

ခာတ်ပုံစားမည့် မြင်ကွင်းများကို အမြဲစောင့်ဆိုင်းနေသည့် ဟာလေ အတွက်တော့ ရင်သပ်ရှုမော ပင့်သက်ဖြာရသည့်နေ့ပါတည်း။

သင်္ဘော၏အထက်ဘက် လင်းယဉ်စင်အမြင့်လောက်မှကြည့် လျှင် ဘယ်ဘက်ကိုပဲကြည့်ကြည့် မိုးမြေမဆုံး မြင်တွေ့နေရသည်မှာ ရေခဲမျောတုံးပြင်ကြီးများသာ ဖြစ်သည်ဟု လီးစ်က မှတ်စုရေးထားသည်။

သို့ဖြစ်သော်လည်း ညဘက်တွင် တိုက်ခတ်နေသည့် လေပြည် အေးကလေးက ပိုမိုပြင်းထန်လာသည်။ ထို့ကြောင့် သန်းခေါင်ယံမတိုင်မီ ကလေးတွင် ရေခဲမျောတုံးကြီးအောက်ခြေ၌ ရေလမ်းကြောင်းတစ်ခုကို တွေ့လိုက်ကြရ၏။

ဇွဲ သင်္ဘောကလေးသည် ဇန်နဝါရီ ၁၅ ရက် နံနက်စောစော မြူ ဆိုင်းသော မိုးကောင်းကင်ကြီးအောက်တွင် ခရီးဆက်ခဲ့၏။ မကြုံစဖူး ထူးကဲများပြားသော ပင်လယ်ရေဖျံများကို တစ်နေ့လုံးမြင်တွေ့နေရ၏။ ညနေ သုံးနာရီရောက်တော့ ရေခဲမျောတုံးအောက်မှ တက်လာပြီး ကမ်းရိုး တန်းနှင့်ထိစပ်နေသည့် ရေခဲပြင်ပေါ်တက်သွားသည့် ရေဖျံတစ်ပြုံတစ်မ ကြီးကို တွေ့ရ၏။ လေ့လာရေးအဖွဲ့သားအားလုံး သင်္ဘောလက်ရန်းတွင် စုဝေးပြီး ရေဖျံများကို ကြည့်ကြ၏။ တအံ့တသြအော်ဟာစ်ရေရွတ်ကြ၏။ ရေဖျံများက သင်္ဘောပတ်လည်တွင် ဒိုင်ဗင်ထိုးကြသည်။ ဆော့ကစား ကြသည်။ ဤဖြစ်ရပ်နှင့် ဤမြင်ကွင်းကိုတော့ အဖွဲ့သားအားလုံးက ကြည်နူးဆွတ်ပျံ့စွာ အမှတ်တရမြင်ယောင်နေကြပါသည်။

ညဘက်ရောက်တော့ မိုးကောင်းကင်ကြီးက ကြည်စင်နေသည်။ ပွင့်လာသည့်ရေစီးကြောင်းက ဇွဲ ကို တောင်အရပ်သို့ ရွက်လွှင့်သွားခွင့် ပြုလိုက်၏။ ရှေ့တွင် ကြည်လင်ရှင်းသန့်သော ရေကြောင်းတစ်ခုရှိနေ သည်။ ညဥ့်သန်းခေါင်ယံမတိုင်မီ ဆန်းပြားသော နွေအလင်းရောင် မှိန် ပျပျအောက်တွင် သင်္ဘောကလေးသည် ကြီးမားသော ရေခဲမြစ်ကြီး

mgyoe.com

mgyoe.com

တစ်စင်း၏အဖျားသို့ ရောက်သွားသည်။

"ဒီအကွက်အကွင်းကလေးဟာ... ကမ်းတက်ဖို့ အကောင်းဆုံးနေရာ ဖြစ်လာမယ်" ဟု ရှက်ကယ်လ်တန် ရေးမှတ်ထား၏။ ရေခဲလွင်ပြင်က 'သဘာဝသင်္ဘောဆိပ်' ဖြစ်လာမည်။ သီးသန့်စီစဉ်ဖန်တီးထားသည်သို့ရှိသော ဤနေရာကလေးကို မြောက်လေမှလွဲ၍ ကျန်အရပ်များမှတိုက်ခတ်လာသော လေများဒဏ်ကို မခံရအောင် သဘာဝအနေအထားတွေက ကာကွယ်ပေးထားသည်။

ရေခဲမြစ်အတွင်းသို့ ဖွဲ့ ခုတ်မောင်းဝင်လာသည်မှာ တစ်ညလုံး။ နောက်နေ့ နံနက်စောစောပိုင်းတွင် နောက်ထပ်ရေခဲပြင်ကြီးကို တွေ့ရ၏။ ဤရေခဲပြင်တွင် နက်ရှိုင်းသောအက်ကြောင်းကြီးဖြစ်ပေါ်နေ၏။ ပေ ၃၅၀ အထိမြင့်သော အက်ကြောင်းချောက်ကမ်းပါးထိပ်မှ ရေခဲတုံးစီးကြောင်းကြီးသည် အောက်သို့အရှိန်အဟုန်ပြင်းစွာ စီးကျနေ၏။ သင်္ဘောကလေး ခရီးတွင်ပေါက်မြောက်လာခဲ့သည်မှာ ၁၂၄ မိုင်ရှိပြီ။ နံနက် ၈း၃၀ တွင်မူ အဆင်ပြေချောမွေ့နေသည့် ခရီးစဉ်ကလေးရပ်တန့်သွားတော့၏။ နီးနားဝန်းကျင်တွင် သူတို့သင်္ဘောကလေး တိုးမပေါက်နိုင်လောက်အောင် ထုထည်ကြီးမားသည့် ရေခဲတောင်ကြီးများ ဝန်းရံနေသည်လေ။ သင်္ဘောကလေးမှာ မလှုပ်သာမလွန့်သာ။

ထိုနေ့နှောင်းပိုင်းတွင် အရှေ့လေ တစ်ကျော့တိုက်လာသည်။ နောက်တော့ လေပြင်းမုန်တိုင်းဖြစ်လာသည်။ လေဖိအားကြောင့် လေကွယ်အရပ်ရှိ ရေခဲစိုင်ကြီးစတင်ပြိုကွဲသည်။ နောက် ပြန့်ကြဲသွားသည်။ ဖွဲ့ သည် အဆင်ပြေသည့် ရေခဲတောင်ကြီးတစ်ခုနောက်ကွယ်တွင် ဝင်ရောက်ခိုနားသည်။ သည်လောက်ထိ အဆင်ပြေချောမွေ့စွာ ခုတ်မောင်းလာပြီးနောက်ပိုင်း ယခုကဲ့သို့ အဟန့်အတား အနှောင့်အယှက်များနှင့် ကြုံနေရသည်မှာ စိတ်ပျက်စရာ တော်တော်ကောင်းနေ

mgyoe.com

၏။ ဥပမာ လီးစ်ဆိုလျှင် ခရီးတစ်ထောက်နားနေခိုက်တွင် စတိုခန်းကို တိုက်ချွတ်ဆေးကြောနေခဲ့၏။

လေပြင်းမုန်တိုင်းသည် နောက်နေ့တစ်နေ့လုံး ဆက်ပြီးတိုက်ခတ်နေ၏။ ကျောက်ဆူးနုတ်ထားသည့် ဖွဲသင်္ဘောကလေးသည် လှိုင်းကြမ်းလေကြမ်း ရေခဲပင်လယ်ကြီးထဲတွင် ဆောင့်လိုက်တိုက်လိုက် လူးလိုက်လိမ့်လိုက်ဖြစ်နေ၏။ နောက်ပြီး ကရွတ်ကင်းလျှောက်သလို စက်ဝိုင်းကလေးများအသွင် ခုတ်မောင်းနေရ၏။ ပင်လယ်ဖျံအချို့က လှိုင်းစီးပြီး သင်္ဘောနံဘေးက ကျော်ဖြတ်သွားကြသည်။ သူတို့ဦးခေါင်းများကို ရေပေါ်မှာ ခပ်မြင့်မြင့်ဖော်လျက်။ သူ့နံရံကပ်အိပ်စင်နံဘေးရှိ ပြတင်းပိုင်းကလေးထဲမှ ပြင်ပကမ္ဘာ၏ အလှအပများကို လှမ်းငေးကြည့်နေသူမှာ ဓာတ်ပုံဆရာဟာလေ။ သူက ဖြူဖြူဖွေးဖွေး ရေခဲတောင်ကြီးများနှင့် နိမ့်ဆင်းလာသည့် တိမ်တိုက်များကို ငေးကြည့်နေမိ၏။

ဇန်နဝါရီ ၁၈ ရက်တွင်တော့ လေပြင်းမုန်တိုင်းသည် ဖွဲ သင်္ဘောကလေးရွက်လွှင့်လို့ရလောက်သည်အထိ အရှိန်လျော့သွားသည်။ ရေခဲမြစ်အရှေ့ဘက်တွင် ပွင့်လာသော ရေကြောင်းတစ်ခုထဲသို့ အရအမိခရီးဆက်ကြသည်။ သို့ဖြစ်သည့်တိုင် မွန်းလွဲပိုင်းရောက်တော့ ရေခဲစိုင်ကြီးများနှင့် တိုးပြန်သည်။ ဖွဲ သည် ထူထဲသိပ်သည်းသော ရေခဲထုများကြားသို့ သတိဝီရိယကြီးစွာထားပြီး တိုးဝင်သည်။ ရေလမ်းကြောင်းတစ်ခုသို့ရောက်သည်။ နောက်ထပ် နှစ်ဆယ့်လေးမိုင်လောက် သက်သောင့်သက်သာ ခရီးဆက်ပြီးမှ ပိုမိုသိပ်သည်းသော ရေခဲထုများနှင့် ထိပ်တိုက်တိုးပြန်သည်။

"ရေခဲစိုင်ကြီးတွေရဲ့ အနေအထားက ပြောင်းသွားပြန်ပြီ" ဟု ဝါစလေက သူ့မှတ်တမ်းထဲ ရေးမှတ်ထားသည်။ "ရေခဲမျောတုံးပြင်ကြီးတွေက နည်းနည်းနောနောထုကြီးတွေ မဟုတ်ဘူး။ ဒါပေမဲ့ နှင်းတွေက

mgyoe.com

mgyoe.com

ပိုများတယ်။ နှင်းတွေက ပြိုကွဲနိုင်ပေမယ့် တော်တော်ကြီးအားကောင်းတဲ့ စက်အားနဲ့ ဖြိုခွဲမှရမယ်...။ ဒီတော့ ငါတို့ တစ်ထောက်လောက်နားနေမယ်။ အရှေ့မြောက်လေအစဲမှာ လမ်းကြောင်းအပွင့်ကို စောင့်ကြမယ်လေ"

နှင်းတွေက သည်းသည်းလှုပ်ကျနေ၊ လေတွေက သဲသဲမဲမဲတိုက်နေ။ ထိုသို့သော အခြေအနေမျိုးထဲတွင် အဖွဲ့သားတွေအားလုံး လှိုင်းမူးကြသည်။ မအီမလည်ဖြစ်ကြသည်။ အခြေအနေက ဆိုးရွားနေသည်။ တက်မစင်ပေါ်တွင် အလူးလူးအလဲလဲ တာဝန်ထမ်းပြီးသွားသော လီးစ်က မွန်းလွဲပိုင်းတွင် စတိုခန်းထဲဝင်သည်။ ပြီးတော့ 'သင်္ဘော' ပေါ်မှာထားမည့်ပစ္စည်းများနှင့် 'ကုန်း' ပေါ်မှာထားမည့် ပစ္စည်းများခွဲပြီး တစ်ပုံစီပုံထားသည်။ သူ့လောက် လက်ကြောမတင်းသူများကတော့ အလုပ်မရှိအကိုင်မရှိ ပျင်းရိငြီးငွေ့နေကြ၏။

"ငါတို့ ဦးတည်သွားနေတဲ့ ဗာဆဲလ်အငူကိုရောက်ဖို့ မိုင် ၈၀ ပဲလိုတော့တယ်ဆိုတာသိရတာ ဝမ်းသာစရာပဲ။ ငါတို့အားလုံး အဲဒီကိုရောက်ချင်လှပြီ။ တစ်နေ့နဲ့တစ်နေ့ ဘာမှမခြားဘဲ ပျင်းရိငြီးငွေ့စရာအနေအထားကြီးက ငါတို့စိတ်တွေကို ကလီနေပြီလေ" ဟု ဟာလေက ရေးမှတ်ခဲ့၏။

နောက်နေ့နံနက်ပိုင်းရောက်တော့ ရာသီဥတုက သာယာနေသည်။ သို့ပေမယ့် ရေခဲအခြေအနေက ပိုဆိုးလာသည်။ ရေခဲစိုင်တွေသည် တစ်ညလုံးဝိုင်းပြီး သင်္ဘောကို ညှပ်ပူးညှပ်ပိတ် ဖျစ်ညှစ်ထားသည်။ တာဝန်ကျေသော သိပ္ပံပညာရှင်များက ပိုးမွှားတိရစ္ဆာန်နမူနာများစုဆောင်းကြသည်။ သို့ပေမယ့် လူတိုင်း၏အာရုံက ရေခဲပေါ်မှာပဲရှိနေသည်။ လေပြင်းမုန်တိုင်းက ရေခဲတွေ ကျပ်ခဲသိပ်သည်းအောင် ဖိအားပေးနေသည်။ သည်တော့ သူတို့အားလုံး မလှုးသာမလွန့်သာဖြစ်နေ

mgyoe.com

သည်။ စင်စစ် ဖွဲ့ သည် လွတ်လွတ်လပ်လပ် ခုတ်မောင်းခွင့်ရလျှင် ဗာဆဲလ်အင်ငူသို့ရောက်ဖို့ တစ်ရက်ခရီးပဲ လိုတော့သည်။

ဇန်နဝါရီ ၁၆ ရက်ကတည်းက ပြတ်တောင်းပြတ်တောင်း တိုက်ခတ်နေသည့် အရှေ့မြောက်လေပြင်းမုန်တိုင်းသည် ညဘက်ရောက်လာလေ ပိုမိုပြင်းထန်လေဖြစ်လာ၏။ နံနက်မိုးလင်းလာတော့ ရာသီဥတုက မှုန်မှိုင်းနေသည်။ နှင်းတွေကျနေသည်။ သင်္ဘောကို ပိတ်ဆို့ဖျစ်ညှစ်ထားသည့် ရေခဲများက ခါတိုင်းထက် ပိုသိပ်သည်းနေကြောင်း တွေ့ရသည်။ သို့တိုင် အအေးချိန်ကပေါ့နေသည်။၂၈° ဖာရင်ဟိုက်။ သည်တော့ "လောလောဆယ်မှာတော့ သွေးခဲပြီးသေမှာ မကြောက်ရသေးဘူး" ဟု လီးစ်က မှတ်တမ်းတင်ထားသည်။

သူတို့တစ်တွေ ဘယ်ကိုမျှသွားစရာမရှိ။ သည်တော့ ဘာမျှလုပ်စရာလည်းမရှိ။ ထိုနေ့အတွက် တက်ကြွလှုပ်ရှားချိန်သည် ဖရင့်ဝိုင်းလ်လက်စွမ်းပြလိုက်မှ ဖြစ်ပေါ်လာသည်။ ဖရင့်ဝိုင်းလ်က ကဏန်းစားပင်လယ်ဖျံကြီးတစ်ကောင်ကို သေနတ်ဖြင့် ပစ်ချလိုက်သည်။ ဖျံကြီးသည် အရပ်ကိုးပေရှည်သည်။ ခုတော့ လူတွေအတွက်၊ ခွေးတွေအတွက်နှင့် လက်သမားဆရာ 'ချစ်ပီ' ၏ ကြောင်ကြီးအတွက် လတ်ဆတ်သောအသားတွေ ရပြီမဟုတ်လား။ သိပ္ပံပညာရှင်များက ကလပ်၏အခန်းထဲမှာ စုဝေးကြသည်။ သီချင်းသီကျူးပွဲလုပ်ကြသည်။ ကလပ်၏ အခန်းက လူကြိုက်များသည့် စုဝေးခန်း။ ဘာကြောင့်ဆို သူ့အခန်းက ဘွိုင်လာများနှင့် နီးသောကြောင့်။ အနွေးဓာတ်ရသောကြောင့်။ ဟာလေက တောင်ဂျော်ဂျီယာသို့ပြန်မည့် သင်္ဘောနှင့် ထည့်ပေးလိုက်ဖို့ စာတွေဆက်ရေးနေသည်။ လီးစ်ကတော့ သူ့အဝတ်အစားတွေ လျှော်ဖွပ်ခြင်း၊ ဖာထေးခြင်းဖြင့် သူ့ကိုယ်သူ အလုပ်ပေးထားသည်။

ဇန်နဝါရီ ၂၁ ရက်ရောက်လာပြီ။ အရှေ့မြောက်လေပြင်းမုန်တိုင်း

mgyoe.com

mgyoe.com


က ပြင်းပြင်းထန်ထန် တိုက်ခတ်ဆဲ။ ကုန်းပေါ်မှနှင်းတွေ လွင့်ပါလာသည်။ နောက်ဆက်တွဲအဖြစ် လေထုသည် ရေခိုးရေငွေ့တွေ လွှမ်းလာသည်။ သည်တော့ အခန်းတွေအားလုံး စိုထိုင်းကုန်သည်။ သင်္ဘောတက်မပေါ် ရေခဲတွေဖိစီးအားက စိုးရိမ်စရာကောင်းလောက်အောင်ကြီးမားလာသည်။ သည်တော့ သင်္ဘောသားတွေ အောက်ဆင်းကြရသည်။ တက်မန်ဘေးပတ်လည်တွင် ကျပ်ခဲနေသည့် ရေခဲတွေကို ဖဲ့ပစ်ဖို့အားထုတ်ကြရသည်။ ရှက်ကယ်လ်တန်က သူ့ သင်္ဘောအဖွဲ့ဝင်လာများကို မပြတ်မီးထိုးအပူပေးထားသည်။ အလွန်တန်ဖိုးကြီးသည့် လောင်စာများသုံးပစ်သည်သို့ရှိ၏။ သို့ပေမယ့် မတတ်နိုင်။ ရေခဲစိုင်ကြီးတွေကြားထဲအက်ကြောင်းကလေးတစ်ခု၊ လမ်းကြောင်းကလေးတစ်သွယ် ပေါ်သည်နှင့် ထိုအခွင့်အရေးကို အမြတ်ထုတ်ရမည်။ ထိုအခွင့်အရေးကို မလွတ်တမ်းအသုံးချရမည်။ ရေခဲအခြေအနေက ခုတစ်မျိုးခုတစ်မျိုး လျင်မြန်စွာပြောင်းလဲနေသည် မဟုတ်လား။

ခြောက်ရက်တိုင်တိုင် ကြမ်းလိုက်၊ ပျော့လိုက် တိုက်ခတ်နေသည့် အရှေ့မြောက်လေပြင်းသည် ဇန်နဝါရီ ၂၂ ရက်တွင် ငြိမ်ကျသွားသည်။ နောက်နေ့နံနက်အရုဏ်တက်တော့ နေသာနေသည်။ ငြိမ်သက်အေးချမ်းနေသည်။ ၎င်းအခွင့်အရေးကို ချက်ချင်းအမိအရယူသူကတော့ ဟာလေဖြစ်၏။ သာတောင့်သာယာဖြစ်နေသည့် နေခြည်ကို အသုံးချပြီး ရောင်စုံဓာတ်ပုံများ ရိုက်တော့၏။ လီးစ်သည် ကြမ်းတိုက်သည်။ အဝတ်အစားအပေါက်အပြဲတွေဖာသည်။ တောင်ရျော်ဂျီယာတွင် ဖွဲ့ တင်ဆောင်လာသည့် ကျောက်မီးသွေးတန် ၁၆၀ သည် ၇၅ တန်လောက်ပဲ ကျန်တော့သည်ဟု ခန့်မှန်းကြသည်။

ဇန်နဝါရီ ၂၄ ရက် ညဉ့်သန်းခေါင်လောက် ရောက်သောအခါသင်္ဘောကို ပတ်လည်ဝိုင်းထားသည့် ရေခဲပြင်ကြီးတွင် ကွဲကြောင်း

mgyoe.com

mgyoe.com



ကလေးတစ်ခု မြင်ကြရသည်။ သင်္ဘော၏ညာဘက် ထောင့်မှန်ကွေ့ တစ်နေရာမှာ။ သို့ပေမယ့် ကိုက် ၁၀၀ လောက်ဝေးသေးသည်။ သင်္ဘောကို ရွက်တွေတင်လိုက်သည်။ စက်ကိုအားကုန်ဖွင့်သည်။ သို့ပေမယ့် ဖွဲ ခများ ရေခဲထုကို တိုးမပေါက်နိုင်။ သင်္ဘောသားတွေ စူး၊ ဇဆောက်၊ ပေါက်ပြား၊ တူးရွင်းတွေကိုင်ပြီး ရေခဲပြင်ပေါ်ဆင်းကြသည်။ လွတ်မြောက် ရေးလမ်းမပေါ် ရောက်စေမည့် လမ်းသွယ်ကလေးတစ်ခု ဖောက်ဖို့ ကြိုးစားကြသည်။ ရှေ့ခပ်လှမ်းလှမ်း ရေခဲပြင်တွင် အအက်အကွဲရာကလေးတွေ တွေ့ရသည်။ သို့ပေမယ့် သင်္ဘောပတ်လည်ရှိ ရေခဲတွေက ကျပ်ခဲသိပ်သည်းလွန်းနေသည်။ သူတို့ ဘာဆိုဘာမျှ လုပ်လို့မရကြ။

"အခြေအနေက ဒီတစ်ဆောင်းတော့ တို့ဒီနေရာမှာပဲ ပိတ်မိနေတော့မယ့်ပုံပဲ" ဟု ဟာလေက ဇန်နဝါရီ ၂၇ ရက်ညတွင် ရေးခဲ့၏။

သူတို့ နေ့စဉ်နားထောင်ကြည့်သည့် ရေအောက်အသံလှိုင်းမျ ကို အဓိပ္ပာယ်ဖွင့်ရသော် သူတို့သည် တဖြည်းဖြည်း ကမ်းနှင့်ဝေးသည်ထက် ဝေးရာသို့ မျောပါနေပြီဟု အဓိပ္ပာယ်ထွက်ပါသည်။

နေ့စဉ်ပုံမှန်လုပ်ရမည့် အလုပ်တွေက နည်းလာပြီး အခြားထူးထူးထွေထွေအလုပ်တွေလည်း မရှိတော့။ ထိုအခါ ပျင်းရိငြီးငွေ့ခြင်းခံစားချက်ကို ရှောင်လွှဲလို့မရတော့။ သည်တော့ ရေခဲပြင်ပေါ်ဆင်းပြီး ဘောလုံးကန်ကြသည်။ ခွေးတွေကို ရေခဲပြင်ပေါ်ချပေးပြီး လေ့ကျင့်ခန်းလုပ်ပေးသည်။ ဤသို့ဖြင့် အာရုံပြောင်းကြသည်။ အရာရှိများနားနေရာ အကန့်ထဲတွင် သိပ္ပံပညာရှင်များသည် တစ်ဦးကိုတစ်ဦး စာဖတ်ပြခြင်းဖြင့် အပျင်းဖြေကြသည်။ တနင်္ဂနွေ သီချင်းဆိုပွဲများကတော့ ပုံမှန်ကျင်းပနေကျ ပျော်ပွဲများပါတည်း။ စနေညများတွင် ထုံးတမ်းစဉ်လာအတိုင်း ယမကာမိုဝဲကြသည်။ ပြီးတော့ "ငါတို့ရဲ့ ချစ်သူများနဲ့ ဇနီးမယားများ

mgyoe.com

mgyoe.com


အတွက်" ဟူသော ဆုတောင်းစကားဖြင့် ပွဲသိမ်းလေ့ရှိကြ၏။ သူတို့၏ ပွဲသိမ်းဆုတောင်းနောက်တွင် အမြဲတမ်းကပ်ပါလာသည့် နောက်ဆက်တွဲ ဆုတောင်းကတော့ "သူတို့ချင်းလည်း ဘယ်တော့မှ မဆုံမိကြပါစေနဲ့" ဟူ၏။

"ရေခဲတွေဝန်းရံထားတဲ့ သင်္ဘောပေါ်မှာနေပြီး ဒီတစ်ဆောင်းတွင်းလုံး ကုန်ဆုံးရမယ့်အရေးကတော့ မတွေးဝံ့စရာပဲ" ဟု ဟာလေက ဖေဖော်ဝါရီလ အစောပိုင်းတွင် ရေးခဲ့၏။

ရေခဲပြင်ကြီးပေါ်တွင် အက်ကြောင်းကလေးတွေ၊ လမ်းကြောင်းကလေးတွေ ပေါ်လာသည့်အတွက် ဖွဲသင်္ဘောပေါ်တွင် မျှော်လင့်ချက်များ နိုးထရှင်သန်လာရသည်မှာ အကြိမ်ကြိမ်။ သို့ဖြင့် သင်္ဘောသားတွေ ရေခဲပြင်ပေါ်ဆင်းကြ၊ သင်္ဘောကိုတွန်းကြ၊ လှုပ်ကြ၊ နဲ့ကြ၊ ရေခဲတွေကို ခုတ်ဖြတ်တူးဖော်ကြရသည်မှာလည်း အကြိမ်ကြိမ်။ ရေစီးဖြင့် မျောပါသွားလိုက်သည်မှာ ဖွဲ သင်္ဘောကလေး ၇၇ံ မျဉ်းပြိုင်သို့ရောက်သည် အထိ။ ထိုနေရာကား မဟာအင်ပါယာ အန္တာတိတ်ဖြတ်ကျော်ရေးအဖွဲ့ တောင်ပိုင်းသို့ အဝေးဆုံးရောက်နိုင်သည့် နေရာဒေသဖြစ်ပေတော့မည်။

"နွေရာသီကုန်သွားပြီ။ တကယ်ပဲ နွေကိုငါတို့မကြုံလိုက်ရသလောက်ပဲ။ ပင်လယ်ဖျံတွေ တဖြည်းဖြည်း ပျောက်ကုန်ပြီ။ ငှက်တွေက ငါတို့ကို စွန့်ခွာသွားနေကြပြီ။ ဟိုးအဝေးကြီးက မိုးကုပ်စက်ဝိုင်းကို လှမ်းမျှော်ကြည့်လိုက်ရင် သာသာယာယာ ကုန်းမြေကို တွေ့နေရတယ်။ ဒါပေမဲ့ ငါတို့ လက်လှမ်းမမီတော့ဘူး"

ဤကား ရှက်ကယ်လ်တန်၏မှတ်တမ်း။ ဖေဖော်ဝါရီ ၂၄ ရက်တွင်မှ စူးစမ်းရှာဖွေရေးခရီးစဉ်ကို ရပ်နားလိုက်ဖို့ ရှက်ကယ်လ်တန် အမိန့်ထုတ်လိုက်၏။ ထိုအခါ ဖွဲ သင်္ဘောသည် ဆောင်းရာသီခိုလှုံစခန်းအဖြစ်သို့ တရားဝင်ရောက်ရှိသွားတော့၏။

mgyoe.com

mgyoe.com



ဗွဲ သည် သီတင်းပတ်ခြောက်ပတ်အတွင်း ရေခဲမျောတုံးများ၊ ရေခဲတောင်များ၊ ရေခဲပြင်များကို သူရသတ္တိပြောင်မြောက်စွာ ကျော်ဖြတ်ခဲ့ရာ မိုင် ၁၀၀၀ ခရီးပေါက်ခဲ့၏။ သူ ကမ်းကပ်ဖို့ရည်မှန်းထားသည့် ကမ်းခြေသို့ရောက်ဖို့ တစ်နေ့စာခရီးအကွာအဝေးပဲ လိုတော့သည်။ ခုတော့ သင်္ဘောကို ရေခဲများကြားမှ လွတ်အောင်ရုန်းထွက်သည့် အားထုတ်ချက်တွေလည်း အရာမထင်တော့။ ရှက်ကယ်လ်တန်နှင့် သူ့အဖွဲ့သားများသည် ကုန်းမြေကို မြင်တွေ့နေလျက်ကပင် ရေစီးကြောင်း ခေါ်ဆောင်ရာသို့ ကူကယ်ရာမဲ့စွာ မျောပါလိုက်ခဲ့ရသည်။ ဤကံဆိုးမိုးမှောင်ဖြစ်ရပ်သည် ရှက်ကယ်လ်တန်ထက်ပိုပြီး ဘယ်သူ့ကိုမျှ မထိခိုက်စေခဲ့။ နောက်ပြီး မအောင်မြင်သည့် လေ့လာရေးအဖွဲ့သားများ တောင်ဝင်ရိုးစွန်း၏ ဆောင်းရာသီတွင် စိတ်ရောကိုယ်ပါ ကျန်းမာနေအောင် ကြည့်ရှုစောင့်ရှောက်ထားရမည့် ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ထားရဦးမည်။ ထို့ပြင် ပုဂ္ဂိုလ်ရေးအရ ခါးသီးသော ဝမ်းနည်းကြေကွဲမှုများကိုလည်း မျိုသိပ်ရဦးမည်။

သူ့အသက် လေးဆယ်ရှိနေပြီ။ ဗွဲ ခရီးစဉ်က သူ၏စွမ်းအားများကို အကြီးအကျယ် ထုတ်ယူဝါးမျိုပစ်ခဲ့ပြီ။ အိမ်ပြန်ရောက်လျှင် စစ်ပွဲကြီးနှင့်တိုးမည်။ သည်တော့ မကြာမီကာလအတွင်း တောင်ဝင်ရိုးစွန်းသို့ နောက်တစ်ခေါက်ပြန်ထွက်ရေးသည် စိတ်ကူးယဉ်ဆန်လွန်းရာရောက်၏။ ယခု ခရီးစဉ်ကား သူ၏ နောက်ဆုံးအားထုတ်ချက်ပါတည်း။ ရေခဲတွေကြားထဲမှ သင်္ဘောလွတ်မြောက်ပြီး တောင်ဝင်ရိုးစွန်းသို့ခရီးဆက်ရန် မျှော်လင့်ခြင်းသည် လက်တွေ့မကျကြောင်း သူသိနေသည်။

"အဖြစ်က မချင့်မရဲဖြစ်စရာကောင်းရုံမဟုတ်ဘူး၊ အဖြစ်က သွေးပျက်ချင်စရာကောင်းနေတာ"

သင်္ဘောပေါ်ပါလာသည့် ခွဲစိတ်ကုဆရာဝန်နှစ်ဦးအနက် တစ်ဦး

mgyoe.com

mgyoe.com


က ထိုသို့မှတ်တမ်းတင်သည်။

"ဒီအချိန်မှာ ရှက်ကယ်လ်တန်ဟာ သူ့ရဲ့ တကယ့်ကြီးမြတ်ခြင်း လက္ခဏာတွေထဲက တစ်ခုကို ထုတ်ပြတော့တာပဲ။ သူ တစ်စက်ကလေး မှ ဒေါသမထွက်ဘူး။ ဒါမှမဟုတ် စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ လက္ခဏာမျိုး စိုးစဉ်းတောင်မပြဘူး။ သူက ငါတို့ကို တည်တည်ငြိမ်ငြိမ် နဲ့ အေးအေးကလေးပဲ ပြောတယ်၊ ငါတို့ ရေခဲမျောတုံးပြင်ကြီးပေါ်မှာပဲ ဆောင်းခိုကြရမယ်တဲ့။ ငါတို့နေရမယ့် ရေခဲပြင်ကြီးရဲ့ ဘေးအန္တရာယ် တွေနဲ့ ကြုံရနိုင်တဲ့ အလားအလာတွေကို ရှင်းပြတယ်။ သူဟာ ဘယ် တော့မှ အကောင်းမြင်ဝါဒနဲ့ မကင်းကွာဘူး။ ဒါနဲ့လည်း ဆောင်းရာသီ ကို ရင်ဆိုင်ဖို့ ပြင်ဆင်နေတော့တာပဲ"


တစ်ချိန်တည်းတွင် ရေကြောင်းပြဖြစ်သူ ဟူးဘတ် ဟဒ်ဆန် (Huberht Hudson) က သဘော်ဝါယာလက်စက်မှတစ်ဆင့် ဖော့ ကလန်ကျွန်း အသံလွှင့်စခန်းနှင့် အဆက်အသွယ်ရအောင် ထပ်ခါ တလဲလဲ ကြိုးစားသည်။ သို့သော် မအောင်မြင်။

သူတို့အဖွဲ့သည် ကုန်းမြေကို လုံး၀ မမြင်ရတော့။ ထို့မျှမကသေး သူတို့အဖွဲ့ ဘယ်နေရာဘယ်ဒေသသို့ ရောက်နေသည်ကို သိရှိသူဆိုလို့ ကမ္ဘာပေါ်တွင် တစ်ဦးတစ်ယောက်မျှ မရှိပါချေ။

❐

mgyoe.com

mgyoe.com



ရေခဲမိုင်ကြီးထဲမှ ထိုးထွက်နေသည့် ငွဲ။



ရင်သပ်ရှုမောစရာကောင်းပြီး ပေနှစ်ရာလောက်အထိမြင့်သည့် ရေခဲမျှောတုံးကြီးတွေထဲမှ တစ်ခု။

mgyoe.com

mgyoe.com




ငွဲသင်္ဘောပေါ်က ညစာ။




သင်္ဘောပေါ်မှ အရေးပေါ်ဆင်းပြီး ယာယီစခန်းချကြ။
နောက်ဘက်တွင် ငွဲသင်္ဘောကလေးကို ရေးရေးမြင်နေရသည်။

mgyoe.com

mgyoe.com



သင်္ဘောပတ်လည်မှ ရေခဲများကို လူအင်အားဖြင့် လှမ်းဖောက်ကြ။




ရေခဲများ ဖိသိပ်ဖျစ်ညှစ်အားကြောင့် တိမ်းစောင်းသွားသည့် ၄င်းသင်္ဘောကလေး။

mgyoe.com

mgyoe.com




ညပိုင်း စောင့်ကြည့်တာဝန်ကျသူနှင့် သူ့ထံလာလည်သည့် ဧည့်သည်များ။



ရွက်တိုင်ထိပ်များတွင် ကင်မရာဖြင့် အလုပ်ရှုပ်နေသည့် ဟာလေး။
ကုန်းပတ်ပေါ်တွင် ရှက်ကယ်လ်တန်။

mgyoe.com

mgyoe.com



ရေခဲမျောတုံးများ ဖိအားကြောင့် တိမ်းစောင်းသွားသည့် ငွဲ။

mgyoe.com

mgyoe.com

# ခွဲခွာခြင်း

မတ်လသည် နှင်းမှုန်တိုင်းတစ်ခုဖြင့် ကန့်လန့်ကာဖွင့်လိုက်၏။ အအေးချိန်ကတော့ –၈ံ ဖာရင်ဟိုက်။ သင်္ဘောပတ်လည်ရှိ ရေခဲမျောတုံး ပြင်ကြီးသည် လေတိုက်နှုန်းကြောင့်ပိုပြီး မာကျောကြမ်းတမ်းလာသည်။ မာကျောကြမ်းတမ်းသော ရေခဲတုံးများကြောင့် သင်္ဘောသားများ ပင်လယ်ဖျံသားတင်ပြီး ဆွဲလာသည့် စွတ်ဖားနှစ်စီးပင် ကျိုးပဲ့ပျက်စီး သွားသည်။ ထိုနေ့ ညနေစောင်းလောက်ရောက်တော့ အဖွဲ့သားအားလုံး သင်္ဘောပေါ်မှာပင် နေထိုင်ကြရန် ကပ္ပတိန်ဝါစလေက အမိန့်ထုတ်လိုက် ၏။ နှင်းအခြေအနေက ထူထပ်သိပ်သည်းလာသည်။ သည်တော့ သင်္ဘောပေါ်မှဆင်းပြီး ဟိုသွားသည်လာလုပ်နေခြင်းသည် အန္တရာယ်များ သည်ဟု သူကထောက်ပြသည်။

ရာသီဥတု ကြည်လင်လာသောအခါ ရေခဲမျောတုံးများအချင်းချင်း ကြိတ်မိသည့် တကျွိကျွိအသံတွေ တဝီဝီ တဝုန်းဝုန်း တိုက်နေသည့် လေပြင်းတိုက်သံတွေက တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်ကို

mgyoe.com